
www.burmeseclassic.com

အကြည်တော်

# လျှို့ဝှက်သောကစားပွဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၇၅၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၁၁၀၁၁
အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။
အတွင်းပလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀ ကျပ်

၈၉၅ . ၈၃
အကြည်တော်
လျှို့ဝှက်သောကစားပွဲ/အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၃၂ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) လျှို့ဝှက်သောကစားပွဲ





စစ်ပွဲတွေမှာ လူစွမ်းကောင်းဆိုတာ မရှိဘူး၊
အရူးနဲ့လူသေတွေပဲရှိတယ်၊
× × ×

www.burmeseclassic.com





"လောကမှာ ကြောက်စရာကောင်းတဲ့ မိန်းမတွေ အများကြီး တွေ့ခဲ့ဖူးတယ်၊ ဒါပေမယ့် ကိုယ့်ဘဝနဲ့ပါ လောင်းကြေးထပ်ရဲတဲ့၊ သူတို့လောက် ကြောက်စရာကောင်းတဲ့ မိန်းမမျိုး မတွေ့ဖူးဘူး"

ကော်ဖီဆိုင်လေးက အဲယားကွန်းကြောင့် အေးစိမ့်နေသည်။

မီးများက အနီ၊ အစိမ်း၊ အပြာ၊ စသည်ဖြင့် လှပအောင် ထွန်းညှိထား





သည့်ပြင်၊ သူ၏စကားများကြောင့် ချောက်ချားစရာကောင်းနေ၏။

အကောင်းစားကော်ဖီခွက်များကို ဖျော်ပေးသော စားဖိုမှူးသည်ပင် ဘာမှမပါသော ကော်ဖီခွက်ကိုကိုင်၍ ငြိမ်သက်နေသည်။

အခြားသောဝိုင်းမှ ဖြိုးဖြိုးဖြောက်ဖြောက်ရှိနေသော ကော်ဖီသောက်သုံးသူများပင် ဤအချိန်၊ ဤနေရာကို ရောက်ရှိလာသော ပုံပြောသူ၏ မရိုးနိုင်သောပုံပြင်ကို မရိုးနိုင်အောင် နားထောင်နေကြ။ ပုံပြောသူသည် နေ့စဉ်အချိန်မှန် ရောက်ရှိလာတတ်ပြီး စားပွဲခုံနံပါတ် (၅)တွင် ပုံမှန်ထိုင်၍ ပုံပြင်များအား ပြောပြနေကျ။

ပုံပြောသူကပဲ ဆွဲဆောင်မှုရှိသည်လား၊ သူ့ဇာတ်လမ်းကပဲ ကောင်းလွန်းနေ၍လားမသိ၊ သူ့စကားကို ဇာတ်လမ်းတွဲစွဲမက်သလို စွဲမက်နေကြသည်။

"နောက်ဆုံးတော့ အားလုံး သူ့အနားက ထွက်ပြေးကြရတယ်၊ ကျွန်တော်တောင် နိုင်ငံခြားမှာ လေးနှစ်လောက် ခြေရာဖျောက်ခဲ့ရတယ်လေ"

အားလုံးကြောင်ငေးပြီး သူ့စကားကို နားထောင်နေ၏။ ပုံပြင်နားထောင်သူများ မဆိုထားနှင့်။ ပုံပြောသူပင် မည်မျှကြောက်လန့်နေသည်ကိုမသိ။ အသံတွေတုန်ပြီး အေးစိမ့်စိမ့်အဲယားကွန်းခန်းထဲမှာပင် ချွေးတွေပျံ့နေသည်။ သူသည် တုန်ယင်နေသောလက်ဖြင့် ကော်ဖီခွက်ကို မ,ယူလိုက်သည်။ ပြည့်လုနီးပါးကော်ဖီက အပြင်သို့ ဖိတ်ကျလာ၏။

"အခုလည်း ကျွန်တော် သူတို့မတွေ့နိုင်မယ့် ဒီကော်ဖီဆိုင်ကို နေ့စဉ်လာထိုင်ရင်း ပုန်းနေရတယ်၊ ကျွန်တော် ဘဝနဲ့ချီပြီး လောင်းကြေးမထပ်ရဲဘူးလေ"

မှန်ပေသည်။ ပုံပြောသူမှာ ဤဆိုင်သို့လာတိုင်း၊ အနွေးထည်၊ ခေါင်းဆောင်းနှင့် မျက်မှန်နက်ကြီးတပ်ပြီး ဆိုင်ထဲသို့ရုပ်ဖျက်ပြီးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာနေကျ။

"နောက်ပြီး ဒီဆိုင်ကလေးက မြို့စွန်လဲကျ၊ ဖွင့်ထားတာလည်း မကြာသေးတော့ သူတို့ ဘယ်လိုခြေရာခံနိုင်မှာလဲ၊ သူတို့ ဘယ်လောက်ပဲသိသိ၊ ရန်ကုန်မြို့က ကျဉ်းကျဉ်းလေးမှ မဟုတ်တာ"

ပြောရင်းရယ်၏။ လူတိုင်း သူ့စကားကို ဂရုစိုက်ပြီး နားထောင်နေသည်။ အတန်ကြာမှ တစ်ယောက်က

"နေပါဦး၊ ခုန ခင်ဗျားပြောတဲ့အထဲမှာ ဘယ်သူက မွေးစားသမီးလဲ"

ပုံပြောသူ၏ ခပ်ဟဟရယ်သံကြားရ၏။ ပြီးမှ

"ဘယ်သူရှိရမှာလဲဗျာ"

"ကျွို"

သူ့စကားမဆုံးခင် ကော်ဖီဆိုင်အဝင်ဝတံခါးဖွင့်သံ ကြားရသည်။

ဘာရယ်မဟုတ်ဘဲ အားလုံး၏အကြည့်က တံခါးဝဆီရောက်သွားကြသည်။

တံခါးဝတွင်ရပ်နေသော ဖြူဖြူပိန်ပိန်ပါးပါး မိန်းမတစ်ယောက်။

ခွမ်းခနဲ ကော်ဖီခွက်ပြုတ်ကျသံ။

ပုံပြောသူ၏မျက်နှာ သွေးဆုတ်ဖြူလျော်သွားသည်။ သူ၏ခန္ဓာကိုယ်က ပို၍တုန်ယင်နေ၏။ သူ၏နှုတ်မှလည်း မပီမသရေရွတ်သံ။

"မေပျို"

× × ×







သူမရောက်လာပြီးမှ ကော်ဖီဆိုင်ကလေးမှာ ပို၍ အေးစိမ့်လာသယောင်ထင်ရသည်။

မည်သည့်လှုပ်ရှားမှုမှ မမြင်ရသေး။ ပုံပြောသူလက်မှ လွတ်ကျကွဲသွားသော ကော်ဖီခွက်ကိုပင် ကောက်မသိမ်းရသေး။ ကြမ်းပြင်ပေါ် ဖန်ကွဲစများ ပြန့်ကျဲနေဆဲ။ သူမ၏မျက်နှာက ခံစားချက်မှုရှိရဲ့လားဟုသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ သူမကိုကြည့်၍ ရောက်ရှိနေသော ကော်ဖီပရိသတ်များပင် အရုပ်ကြီးချထားသလို ငြိမ်သက်နေသည်။

သူမရှေ့မှ ကော်ဖီခွက်တစ်ခုပင် အငွေ့တထောင်းထောင်း။


"ပုံပြင်တစ်ခု ပြောပြမယ်"

သူမထံမှ အသံ။

× × ×







"တစ်ခါတုန်းက အင်မတန်မှ တီထွင်ဉာဏ်ကြီးတဲ့ မင်းသားတစ်ပါး ရှိခဲ့တယ်"

သူမအသံက အခန်းတွင်းမှာလို အေးစက်နေသည်။

"သူဟာ အရာရာကို ပိုင်ဆိုင်လိုပြီး လူအများဂရုပြုမှုကိုလည်း လိုလားလွန်းတယ်၊ သူဟာ ပိုင်ဆိုင်သမျှ အရာအားလုံး သူ့နောက်ကို လိုက်နေဖို့အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်း မျှော်လင့်နေတယ်”

အားလုံးက သူမပုံပြင်ကို ငေးစိုက်နေကြသည်။

“ဘယ်အရာက လူတစ်ယောက်နောက်ကို အမြဲလိုက်နေနိုင်မှာလဲ၊ မဟုတ်ဘူးလား”

ဘယ်သူကမှ ခေါင်းမညိတ် ခေါင်းမခါ။

“ဒီတော့ မင်းသားဟာ ဒါကို မကျေမနပ်ဖြစ်သတဲ့”

သူမရှေ့က ကော်ဖီခွက်ပင် အငွေ့သေလုမတတ်။

“တစ်နေ့တော့ သူဟာ သူ့နောက်ကို အမြဲလိုက်နိုင်မယ့် အရာဝတ္ထုတစ်ခုကို တီထွင်တယ်”

အားလုံးက ငေးမြဲ။ စိတ်ဝင်စားနေကြပုံ။

“ဖြစ်ချင်တော့ သူတီထွင်လိုက်တဲ့ အရာက နေရဲ့စွမ်းအင်နဲ့ မန္တရားကို ပေါင်းစပ်မိတဲ့အတွက် သူထင်သလို အေးမြမနေဘဲ ကြောက်စရာ ငရဲမီးတစ်ခု ဖြစ်လာခဲ့တယ်၊ ကံဆိုးတယ်ပဲ ပြောရမလား၊ သူတီထွင်လိုက်တဲ့ ငရဲမီးဟာ သူမျှော်လင့်ခဲ့သလို သူ့ရဲ့လိုအင်ဆန္ဒအတိုင်း သူ့နောက်ကို အမြဲတမ်း ကပ်လိုက်နေပါတော့တယ်”

သူမ ကော်ဖီကို ဖြည်းညင်းစွာ မော့သောက်လိုက်သည်။ အားလုံးရဲ့စိတ်ထဲ မင်းသားနောက် ကပ်လိုက်နေသော ငရဲမီးငွေ့ကို ခံစားရသယောင်။ သူမမှ ဆက်၍

“မင်းသားဟာလည်း ငရဲမီး သူ့နောက်ကို အမြဲတစေကပ်လိုက်နေတဲ့အတွက် ငရဲမီးနဲ့လွတ်အောင် အမြဲပြေးနေရတယ်လေ”

အခန်းတွင်း၌ အပ်ကျသံပင် မကြားရ။ သူမ ကော်ဖီခွက်ကို ပြန်ချလိုက်သည်။

“လူတွေက ငရဲမီးအလိုက်ခံနေရတဲ့မင်းသားကို သနားကြသတဲ့”

သူမငေ့ကြည့်လိုက်သည်။ ဘယ်သူမှ လှုပ်ရှားမှုမပြုသေး။





“ဒီပုံပြင်ရဲ့ သင်ခန်းစာက ဘာလဲ သိလား”

မည်သည့်အသံမှ မကြားရ။ ယခင် ပုံပြောသူ၏ သွေးဆုတ်နေသော မျက်နှာပေါ်တွင် ဇောချွေးတွေစီးကျနေသည်။ ဘာသံမှ ထွက်မလာ။

တစ်ယောက်တည်း ငရဲမီးလိုက်ခြင်းခံရသူလို တုန်ယင်မောဟိုက်နေ၏။

အတန်ကြာမှ အခန်းထောင့်တွင် ထိုင်နေသူက လက်ထောင်ပြီး

“ငရဲမီးနဲ့ မကစားနဲ့ ဆိုတာလား”

သူမ ပြုံးသွားသယောင်။ ပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါသည်။ ပြီးမှ

“မဟုတ်ဘူး”

အသံတို့ ပြန်လည်တိတ်ဆိတ်သွားပြန်၏။ သူမမှပင် ဆက်၍

“လူတွေဟာ မလိုအပ်တဲ့ကိစ္စတွေကို မတီထွင်သင့်ဘူး ဆိုတာပဲ”

သူမအိတ်ထဲမှ ငွေအနည်းငယ်ထုတ်ပြီး ကော်ဖီဖိုး ပေးချေလိုက်သည်။

နောက် သူမ၏ခြေသံကြားရ၏။ ကော်ဖီဆိုင်၏ တံခါးဝရောက်မှ

ယခင် ပုံပြောသူ၏ သွေးဆုတ်နေသော မျက်နှာပေါ်တွင် ဇောချွေးတွေ စီးကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဇင်"

ခေါ်သံကြားသည်နှင့် ပုံပြောသူမှာ တုန်တက်သွားသည်။

"နင့်နောက်ကို လိုက်နေတဲ့ ငရဲမီးဟာ ငါမဟုတ်ဘူး"

မည်သည့်တုံ့ပြန်သံမှ မကြားရ။ သူမမှပင် ဆက်၍

"ဒါပေမယ့်"

အားလုံးက သူမစကားကို နားစွင့်နေဆဲ။

"သူလာနေပြီ"

ကော်ဖီဆိုင်တံခါး ကျွီခနဲ ပြန်ပိတ်သံကြားရသည်။ ကော်ဖီဆိုင်ကလေးက ပို၍ အေးစက်သွားသယောင်။

ထိုနေ့မှစ၍ ကော်ဖီဆိုင်လေးသို့ ပုံပြောသူမှာ ရောက်မလာတော့။

× × ×







မိခင်က ဟန်ဆောင်လိုက်သောအခါ ကလေးငယ်က လွတ်မြောက်ပြီအမှတ်နှင့် ရယ်မော၍ ပြေးလေသည်၊ မိခင်မိသောအခါ ကလေးငယ်က သူ့အား ချစ်၍လိုက်မှန်းသိကာ ပို၍ရယ်မောတတ်လေသည်၊

ဟန်ဆောင်ပြေးခြင်းနှင့် ရယ်မောခြင်းကို ဖြစ်စေသော်လည်း အသက်လုပြေးပွဲများ၌ ပြေးသူသည် ကြောက်လန့်တကြား အနောက်ပြန်ငဲ့ကြည့်မိတဲ့ ခြေလှမ်း၏အရှိန်ကို မြင့်တင်လေ့ ရှိသည်၊

ပြေးသူက လိုက်သူလက်ထဲ ရောက်သောအခါ အားမလိုအားမရစိတ်နှင့်အတူ ပြေးနေစဉ်ကာလကို သတိရပြီး တုန်ယင်နေအောင် ကြောက်ရွံ့တတ်ကြသည်၊

× × ×



www.burmeseclassic.com

www.burmeseclassic.com





ကိုဒီး ကော်ဖီဖျော်စက်နားထိုင်၍ ပျင်းနေသည်။

သူ့ဆိုင်ကလေးမှာ မြို့ပြင်နားတွင် ရှိသည့်အပြင်၊ လူနေရပ်ကွက်များနှင့်လည်း မနီးသည့်အတွက် ပုံမှန်ဖောက်သည်မရှိ၊ ဆိုင်ရှင်မှာလည်း ဤကဲ့သို့နေရာမျိုးကို ဘာကြောင့်ရွေးချယ်ဆောက်လုပ်ခဲ့သည်ကိုမသိ။

ခါတိုင်းရက်များဆိုလျှင် ဖြတ်





သွားဖြတ်လာ ဧည့်သည်များ ဖြိုးဖြိုးဖြောက်ဖြောက် ရှိသည့်အပြင် ပုံမှန်လာနေကျ ပုံပြောသူတစ်ယောက်က သူ့ကို အပျင်းပြေစေသည်။

ပုံပြောသူ၏ဇာတ်လမ်းများကပဲ ကောင်း၍လား။ ပုံပြောသူမှာပဲ ဆွဲဆောင်မှုရှိ၍လားတော့မသိ။ သူ့ပုံပြင်များ နားထောင်ရသည်မှာ မရိုးနိုင်သည်မှာ အမှန်ပင်။

သူ၏ကိုယ်တွေ့များကို စီကာပတ်ကုံးပြောပြနေသည်လား၊ ဒါမှမဟုတ် တမင်တကာများ ဇာတ်လမ်းဆင်၍ စိတ်ဝင်စားဖွယ်ပြောသွားသည်လား မသိ။ သူ၏ဇာတ်လမ်းမှာ စွဲဆောင်မှုရှိသည်မှာ အမှန်ပင်။ ထိုနည်းတူစွာ သူ့ပုံပြင်ထဲက မိန်းမသုံးယောက်ကိုလည်း ကိုဒီး အပြင်မှာ တွေ့ချင်နေမိသည်။ စိတ်ကူးထဲ ပုံဖော်ကြည့်သော်လည်း လုံလောက်သောပြည့်စုံမှုကို မရ။ 'ဟိုတစ်နေ့ကလာရောက်သွားသော ဖြူဖြူဖျော့ဖျော့ မိန်းကလေးလိုများလား'တွေးထင်ကြည့်သည်။

မဖြစ်နိုင်။

သူ့မရုပ်က ကြောက်စရာကောင်းသည်လား၊ သနားစရာပဲကောင်းနေတာလားမသိ၊ ဒီလိုမိန်းမမျိုးက ဉာဏ်ရည်ထက်မြက်လိမ့်မည်ဟု သူမထင်။

သို့သော် ပုံပြောသူ၏ပုံပြင်ကို ပြန်လည်စိတ်ကူးယဉ်ကြည့်တိုင်း ထိုမိန်းကလေး၏ပုံက အာရုံထဲ ထူးဆန်းစွာပေါ်ပေါ်လာသည်။ မဖြစ်နိုင်ဘူးဟူသော စိတ်နှင့် ထိုမိန်းကလေးကို အတွေးထဲမှ မကြာမကြာ မောင်းထုတ်နေမိသည်။ သို့သော် စိုးမိုးနေဆဲ။

ပထမတော့ အနှောင့်အယှက်ဖြစ်မိသော်လည်း နောက်တော့ အတွေးထဲမှ မောင်းထုတ်မရမည့်အတူ ပုံပြောသူ၏ပုံပြင်ထဲက မေပျိုဟူသော မိန်းကလေးနေရာ၌ ထိုမိန်းကလေး၏ ရုပ်ပုံကိုထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေး၏ ရုပ်ပုံမှာ မေပျို၏ပုံအတိုင်း လှုပ်ရှားသက်ဝင်လာလေသည်။

ထို့ကြောင့် ကိုဒီး ပုံပြောသူ၏ ပုံပြင်ထဲမှ အဓိကဇာတ်ဆောင် 'ကညာနှင့်မြတ်'ကို တွေ့ချင်စိတ် ချင်ခြင်းဖြစ်မိနေလေတော့သည်။

ရုပ်ရည်ချောမောသော ကညာနှင့်မြတ်သည် မည်သည့်ပုံမျိုး ဖြစ်မည်နည်း။

"ဣဓိ"

သူ၏အတွေးမဆုံးမီ သူ့ကော်ဖီဆိုင်လေး တံခါးဖွင့်သံကြားရ၍ ခေါင်းထောင်ကြည့်မိသည်။

"ဟာ"

ကော်ဖီဆိုင်၏ တံခါးဝတွင် ရပ်နေသော မိန်းကလေးနှစ်ဦး။ နှစ်ဦးလုံးမှာ မိန်းမချောလေးများဖြစ်ပြီး တစ်ဦးမှာ သိသာပေါ်လွင်စွာ ထင်ရှားနေလေသည်။

ထိုမိန်းကလေး၏ ရုပ်ပုံမှာ မေပျို၏ ပုံအတိုင်း လှုပ်ရှားသက်ဝင်လာလေသည်။

ကိုဒီး ခေတ္တမျှ မှင်တက်နေမိပြီးမှ သတိဝင်ကာ၊

"ကြွပါခင်ဗျ၊ ကျွန်တော့် ကော်ဖီဆိုင်က အေးချမ်းပါတယ်၊ ကော်ဖီကလည်း နွေးနွေးထွေးထွေး ရှိလှပါတယ်၊





ကြွပါခင်ဗျ"

မိန်းကလေးနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကော်ဖီဆိုင်ထဲ ဖြည်းညင်းစွာ လှမ်းဝင်လာသည်။ နောက်ကောင်တာနှင့်အနီးဆုံး ဘားခုံလေးပေါ် ထိုင်လိုက်ကြသည်။

မိန်းမချောလေးနှစ်ယောက်ကို ဧည့်ခံရ၍ ကိုဒီးစိတ်ထဲ အူမြူးနေသည်။

"ဘာများသုံးဆောင်ကြမလဲခင်ဗျာ၊ ကော်ဖီပဲလား၊ စားစရာရော မှာဦးမလားခင်ဗျ"

"ကော်ဖီပဲပေးပါ"

ကောင်မလေးနှုတ်မှ ဆည်းလည်းသံကြားရ၏။

"ဟုတ်ကဲ့၊ အကောင်းဆုံး ဖြစ်စေရမှာပါခင်ဗျ"

ကိုဒီး ကော်ဖီနှစ်ခွက်ကို အကောင်းဆုံးဖြစ်အောင် စီမံဖျော်စပ်လိုက်ပြီး ကောင်မလေးနှစ်ယောက်ရှေ့ ချပေးလိုက်သည်။ နောက်သူတို့ရှေ့က စားပွဲများကို လက်သုတ်ပဝါနှင့် အကြောင်းမဲ့ သုတ်နေမိသည်။

သူ၏စိတ်ထဲတွင်တော့ ပုံပြောသူ၏ပုံပြင်ထဲမှ ကညာနှင့်မြတ်နေရာတွင် ထိုကောင်မလေးနှစ်ယောက်ကို အစားထိုးကြည့်နေမိသည်။

သူတွေးထားသော ကညာနှင့်မြတ်ပုံမျိုးမှာ ထိုကောင်မလေးတွေ၏ ပုံရိပ်နှင့် ထပ်တူကျနေ၍ သူ ပျော်နေမိသည်။

ကောင်မလေးများကတော့ သူ၏အနံ့သင်းသင်း ကော်ဖီခွက်ကို တို့ပင်မကြည့်ရသေး။ လှပသော အရုပ်များကို စီချထားသလို ငြိမ်သက်နေသည်။ ကော်ဖီဆိုင်လေးမှာလည်း မည်သည့်ဧည့်သည်မှ မရှိ၍ ငြိမ်သက်အေးစိမ့်နေသည်။

"ဒီမှာ"

ကိုဒီး သူ့ကိုခေါ်မှန်းသိ၍ လှည့်ကြည့်သည်။

"ဒီကို ပုံပြောကောင်းတဲ့သူ တစ်ယောက် လာတယ်ဆို"

ကိုဒီး ပို၍ပျော်ရွှင်သွားသည်။ သူပြောချင်နေသော အကြောင်းအရာ သူစိတ်ကူးယဉ်နေသော ပုံရိပ်ကိုး။ ထို့ကြောင့် အားရဝမ်းသာပင်

"ဟုတ်ကဲ့၊ အင်မတန် ပုံပြောကောင်းတဲ့ သူတစ်ယောက်ဟာ ရုပ်ဖျက်ပြီး ကျွန်တော်တို့ ကော်ဖီဆိုင်ကို နေ့တိုင်း ရောက်လာတတ်ပါတယ်ခင်ဗျ"

ဟုတ်ကဲ့ အင်မတန်
ပုံပြောကောင်းတဲ့
သူတစ်ယောက်ဟာ
ရုပ်ဖျက်ပြီး
ကျွန်တော်တို့
ကော်ဖီဆိုင်ကို

ကောင်မလေးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ သူတို့မျှော်လင့်ထားတာ သိရပုံမျိုး။

"အဲ ဒါပေမယ့် သူ ဒီဆိုင် မရောက်တာ နှစ်ရက်သုံးရက်ရှိပါပြီ"

ကောင်မလေးများ တစ်ယောက်ကို တစ်ယောက် ဝေ့ကြည့်ကြပြန်သည်။ နောက်တစ်ယောက်က

"ဘာလို့"

ကိုဒီး မျက်မှောင်ကြုတ်လိုက်မိသည်။ နောက်မှ

"ဘာလို့လဲဆိုတော့ အဲ အဲဒီနေ့က အိမ်မြှောင်ပေါက်စလေးလို ဖြူဖြူပိန်ပိန် ကောင်မလေးတစ်ယောက် ရောက်လာခဲ့တယ်"

"ဘာ"

နှစ်ယောက်လုံး မျက်နှာပျက်သွားကြသည်။ ကိုဒီးမှဆက်၍

"ကောင်မလေးက ပုံပြင်တစ်ပုဒ်ပြောပြသွားတယ်၊ ပုံပြင်ကတော့ သိပ်မမှတ်မိတော့ဘူး၊ အဲ အဓိပ္ပာယ်ကတော့ ငရဲမီးတွေလိုက်လာပြီတဲ့"

"ဟင်"

ထိုစကားကြားသည်နှင့် ကောင်မလေးနှစ်ယောက်လုံး ကတုန်ကယင် ဖြစ်သွားကြသည်။ ကိုဒီးက ခေါင်းကုတ်ပြီး

"ကြည့်ရတာ ပုံပြောသူဟာ အဲဒီအိမ်မြှောင်ပေါက်စလေးကို အတော်ကြောက်နေပုံပဲ၊ ဘာကြောက်စရာရှိလဲဗျာ၊ မိန်းကလေး ဖြူဖြူပိန်ပိန်လေးကို"

ကောင်မလေးများ၏ မျက်လုံးများ အရောင်တောက်သွားသည်။ နောက် ပိုလှသော ကောင်မလေးက နှာကြည်းဟန်ဖြင့်၊

"အဲဒါ အိမ်မြှောင်ပေါက်စမဟုတ်ဘူး"

"ဗျာ ဘယ်လို"

"ရုပ်ဖျက်ထားတဲ့မိချောင်း"

"ဟင်"

× × ×







www.burmeseclassic.com

www.burmeseclassic.com





ရာသီဥတုက အေးစိမ့်စိမ့်နိုင်လှသည်။

ပတ်ဝန်းကျင် ဘယ်နေရာကြည့်ကြည့် စိုစိုထိုင်းထိုင်းနှင့် မှိုင်းရီနေသည်။

ရာသီဥတုကြောင့်လား၊ ပတ်ဝန်းကျင်အခြေအနေကြောင့်လားတော့မသိ၊ ဖြတ်သွားဖြတ်လာများ ကျဲပါးနေသေး၏။





စားပွဲပေါ် ပြန်ငေးကြည့်လိုက်သည်။

စားပွဲပေါ်တွင် ဘီယာခွက်များ ပြန့်ကျဲနေလေပြီ။ သူကိုယ်တိုင် ဘယ်နှခွက်သောက်နေမိမှန်းပင် မသိ။ ဘယ်နှရက်ဆက်တိုက်သောက်မှ သူ့စိတ်တည်ငြိမ်မှုရမည်ကိုလည်း မသိ။ မျက်နှာတစ်ခုလုံးလည်း မို့အစ်ယောင်ကိုင်းနေပေပြီ။ သို့သော် ပုံရိပ်တချို့က သူ့နောက်တွင် ရေမီးကပ်လိုက်သလို ကပ်လိုက်နေကြောင်း ခံစားနေရမိသည်။ သူကိုယ်တိုင် တီထွင်ထားသော ရေမီးကို မည်သို့ခွာချရမည်မသိ။ မပတ်သက်ဘဲလည်း မနေနိုင်။ ပတ်သက်မိလျှင်လည်း ပူလောင်ခြင်းကို မခံစားနိုင်။

စိတ်ရှုပ်ထွေးစွာ ဘီယာခွက်ကို ကောက်ကိုင်လိုက်သည်။ ဘီယာခွက်က နှုတ်ခမ်းဆီ မရောက်မီမှာပင်

"ကျော်ဇင်"

ဘီယာခွက်ကိုင်ထားသောလက်တို့ တုန်ယင်သွားသည်။

ရင်းနှီးနေသော အသံ။ စိတ်လှုပ်ရှားစွာ ငေးကြည့်မိသည်။

"ကညာ မြတ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com





ချစ်သူ၏ခြေသံကိုကြားပြီးမှ လှည့်မကြည့်မိသောသူသည် သူ့အတွက် အခွင့်ကောင်းတစ်ရပ် ဆုံးရှုံးခြင်းပင်၊

အဘယ့်ကြောင့်ဆိုသော် ချစ်သူ၏အပြုံးသည် ပထမဆုံးအကြိမ် မျက်လုံးချင်းဆုံချိန်၌ အလှပဆုံးပင်ဖြစ်သည်၊

x x x







ရာသီဥတုက အေးစိမ့်စိမ့်နိုင်လှသည်။

ပတ်ဝန်းကျင်က ဘယ်နေရာကြည့်ကြည့် စိုထိုင်းမှိုင်းရီနေသည်။

ကွင်းပြင်ကြီးတစ်ခုလုံးမှာ မြက်ခင်းစိမ်းများကြောင့် စိမ်းစိုနေပါသည်။ အေးစိမ့်စိမ့်လေထုက သူတို့ကို ပို၍အေးစက်စေသယောင်။

သူတို့အနားမှာ Killerတွေ



www.burmeseclassic.com

www.burmeseclassic.com



တချို့ ပြန့်ကျဲနေသည်။

"အခု မေပျို့က နင့်ကို ပြန်ရှာတွေ့ပြီ ကျော်ဇင်"

ကညာ၏ တိုးညှင်းသောအသံ။ ကျော်ဇင် အဖြေမပေးနိုင်သေး။ သူ့စိတ်တွေက တည်ငြိမ်မှုရသေးဟန်မတူ။

"ငါတို့ ဒီကိစ္စကို ဒီအတိုင်း ရပ်ထားလို့ မရတော့ဘူး"

ကျော်ဇင်၏မျက်နှာမှာ ပျက်ပျက်ယွင်းယွင်း။

"ငါ ငါ နင်တို့ကစားပွဲထဲ မပါချင်တော့ဘူးကညာ"

ကညာ သက်ပြင်းချသည်။

"မဖြစ်နိုင်တော့ဘူး ကျော်ဇင်"

"ဘာ"

ကျော်ဇင် တအံ့တသြ ကညာကို ပြန်ကြည့်သည်။ သူမတို့၏ မျက်နှာမှာ မကောင်း။ ကျော်ဇင် ဝုန်းခနဲ မတ်တတ်ထရပ်လိုက်သည်။ စိတ်ထဲမှာလည်း ဒေါသများဖြင့်၊

"ဘာလို့မဖြစ်ရမှာလဲ ကညာ၊ ဒီကစားပွဲဟာ တို့တွေ တရားဝင် ကစားခဲ့ကြတာ မဟုတ်ဘူး၊ ဘယ်သူမှလည်း အသိအမှတ်မပြုဘူး၊ တရားဥပဒေအရလည်း အကြုံးမဝင်ဘူး၊ အဲဒီတော့ သူ ဘာလုပ်လို့ရမှာလဲ ကညာ"

"ငါ တရားဝင်လက်မှတ်ထိုးခဲ့တယ် ကျော်ဇင်"

"ဘာ"

ကျော်ဇင် မတ်တတ်ရပ်လျက်နှင့်ပင် ပက်လက်လန်သဲကျမတတ်ဖြစ်သွားသည်။ ကညာ၏ မျက်ဝန်းမှာ မျက်ရည်စတချို့တွေ့ရသည်။

"ဟုတ်တယ်ကျော်ဇင်၊ အဲဒီဘာမဟုတ်တဲ့ ကစားပွဲမှာ သူ့ကို အလွယ်တကူနိုင်မယ်ထင်ပြီး ဘဝတစ်ခုလုံးစာ လက်မှတ်ထိုးပြီး လောင်းခဲ့တာ"





"ဟင်"

ကျော်ဇင် ဘာစကားမှ ဆက်မပြောနိုင်တော့။ ထူးဆန်းသော လူသားများကို မြင်လိုက်ရသလို တအံ့တသြသာ ကြည့်နေမိသည်။

"နင့်ကို ရှာတွေ့ပြီး ကစားပွဲက ထွက်ရင် ငါရှုံးပြီ ကျော်ဇင်၊ ငါရှုံးပြီ၊ ငါ့ဘဝပျက်ပြီ"

ရှိုက်သံများ ကြားရသည်။ ကျော်ဇင် ဘာမှမပြောနိုင်သေး။ ချစ်ရသူကို ငေးကြည့်နေရုံမှတစ်ပါး ဘာမှမတတ်နိုင်။

"နင့်ကို ရှာတွေ့ပြီး ကစားပွဲကထွက်ရင် ငါရှုံးပြီ ကျော်ဇင်၊ ငါရှုံးပြီ၊ ငါ့ဘဝပျက်ပြီ"

မည်သူကများ ချစ်သူ၏ငိုကြွေးခြင်းကို ကြည့်နေနိုင်မည်နည်း။ ထို့ကြောင့် သက်ပြင်းချ၍

"အဲဒီတော့ တို့ဘာဆက်လုပ်ကြမလဲ"

ကျော်ဇင်၏အမေး။ ကညာ၏ မျက်လုံးများတွင် မျှော်လင့်ချက်ရောင်ခြည်များ တွေ့ရသည်။

"ငါတို့ သူ့ကိုနိုင်အောင် ဆက်ကစားရုံပေါ့ ကျော်ဇင်"

ကျော်ဇင် သက်ပြင်းထပ်ချမိသည်။

"နင် မေပျို့ကို နိုင်မယ်လို့ထင်



www.burmeseclassic.com

www.burmeseclassic.com



လို့လား ကညာ”

ကညာ ပြုံးယောင်သမ်းသွားသည်။

“ငါတို့ ဗညားကိုပါခေါ်ထားတယ်”

“ဘယ်လို”

ကညာနှင့်မြတ် တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ပြီး

“ငါတို့လေးယောက်ပေါင်းရင် သူ မနိုင်လောက်ပါဘူး”

ကျော်ဇင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဘယ်သူက နကြောက်စရာကောင်းသူ ဖြစ်နေမှန်း သူ မခန့်မှန်းနိုင်။

“လောင်းကြေးက”

ကညာ ရှက်ရွံ့စွာ ခေါင်းငုံ့သွားသည်။ ပြီးနောက် အသံတိုးတိုးဖြင့်

“နင် မေပျို့ကို လက်ထပ်နိုင်အောင် ကြိုးစားပါ၊ ပြီးရင်”

ကညာမော့ကြည့်ရင်း

“နင့်ကို ငါ ပြန်လက်ထပ်မယ်”

“ဟင်”

ကျော်ဇင် တစ်ကိုယ်လုံး ဖျဉ်းခနဲ ခံစားလိုက်ရသည်။

“ဒါ ငါ့ရဲ့ မပြောင်းလဲနိုင်တဲ့ ကတိစကားပါ”

ရာသီဉတုက အနည်းငယ်ပြောင်းလဲလာသည်။

× × ×







“မေပျို့ရဲ့အကျင့်က ဘယ်တော့မှ ကိုယ်ပိုင်ကားမစီးဘူး၊ လိုင်းကားပဲစီးတတ်တယ်၊ ပြီးရင် တွေ့ရာလူ တွေ့ရာနေရာ မှတ်ထားတတ်တယ်၊ သူ့ရဲ့ထူးခြားချက်က သူ့ရဲ့ဦးနှောက်ထဲမှာ ဓာတ်ပုံကင်မရာတစ်ခု ပါနေတာပဲ”

“ဘယ်လို”

မေပျို့အကြောင်းပြောပြနေသော ကညာ၏စကားများက ကျော်ဇင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အထူးအဆန်းတွေချည်းသာ။

"ဟုတ်တယ်၊ အဲဒါ အထူးဆန်းဆုံးပဲ၊ သူဟာ တစ်စုံတစ်ခုကို တစ်ခါတွေ့ရုံနဲ့ ဘယ်အချိန်မဆို ပြန်မှတ်မိနေတယ်၊ ဥပမာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က တစ်ခါတွေ့ဖူးတဲ့သူကိုတောင် ဒီနေ့တွေ့ရင် ဒီနေ့ပြန်မှတ်မိတတ်တယ်၊ ဒီလူဟာ ဘာလုပ်တယ်၊ ဘယ်မှာနေတယ် ဆိုတာကအစ ဓာတ်ပုံရိုက်ထားသလို ပြန်သတိရတတ်တယ်၊ ဒါပေမယ့် ပိုပြီး ထူးခြားတာက သူ့ကို ဘာမှမမေးရင် ဘာမှပြန်မပြောတတ်တာပဲ"

ကျော်ဇင် ခေါင်းတွေရှုပ်လာတယ်။ ကညာကသာ ဆက်၍

"နောက်ပြီး အရာရာကို သူက ဆက်စပ်ပြီးတွေးနိုင်တယ်၊ ဒီနေရာကို ဘယ်သူသွားတတ်တယ်၊ ဒီအချိန်ဆို ဘယ်သူနဲ့တွေ့နိုင်တယ်ဆိုတာ သူ အတော်များများ သိနေတယ်၊ နံရံတိုင်းမှာ နားရှိတယ်ဆိုတာ မေပျိုအတွက်တော့ အမှန်ပဲ၊ ဒါကြောင့် ဘယ်သူမှမကြားနိုင်တဲ့ ဒီနေရာကို နင့်ကိုခေါ်လာတာ"

စိမ်းစိုစိုကွင်းပြင်ကြီးကို ပြန်ဝေ့ကြည့်မိသည်။ ပတ်ဝန်းကျင်ကတော့ အေးချမ်းစရာ။ သို့သော်

"နေပါဦး၊ နင်တို့ရဲ့ကစားပွဲမှာ ငါ့ကို ဘာလို့အသုံးချချင်ရတာလဲ၊ ငါ့မှာ ဘာအားသာချက်၊ ဘာအားနည်းချက်ရှိလို့လဲ"

ကညာနှင့်မြတ် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက် မြတ်မှ

"အကြောင်းပြချက် အများကြီးပါပဲ။ ဥပမာတစ်ခုအနေနဲ့ ပြောရရင် ပေဒင်ကိန်းဂဏန်းအရဆိုရင်တောင် နင်က ငါးဂဏန်းသမားလေ၊ ပိုထူးခြားတာက နင့်ရဲ့နာမည်ရော မွေးရက်ရော မွေးလပါ ငါးဂဏန်းဖြစ်နေတာပါပဲ"

"အဲဒီတော့"





"ပေဒင်အရဆိုရင် ငါးဂဏန်းသမားများဟာ အလွယ်တကူ မိတ်ဆွေဖွဲ့တတ်တယ်၊ အသစ်အဆန်းတွေကို စိတ်ပါဝင်စားမှုများတယ်၊ စဉ်းစားချိန်မြန်ဆန်တယ်၊ ဦးနှောက်သုံးပြီး လုပ်ရတာကို သဘောကျတယ်၊ စသည်ဖြင့်ပါပဲ၊ ကျန်တဲ့အကြောင်းအချက်များစွာ ရှိပါသေးတယ်"

"သြော်"

ကျန်တာတွေ ဆက်မမေးဖြစ်တော့။ ဆက်မေးနေလျှင်လည်း အကြောင်းပြချက်ပေါင်း ရာချီရှိနေနိုင်သည်။ မြတ်ကဆက်၍

"တို့အားလုံးဆုံနေမှန်းသိရင် မေပျို ပြန်ထွက်လာမှာပဲလေ၊ ဟုတ်ဘူးလား"

ကျော်ဇင်က မျက်မှောင်ကြုတ်၍

"ဒါနဲ့နေပါဦး၊ အခု ကညာနဲ့ မေပျိုက အတူပဲနေကြတာ မဟုတ်လား"

ကညာခေါင်းခါ၏။

"မတူဘူး"

"ဘယ်လို"

"မေပျိုက ဘယ်မှာနေမှန်းမသိဘူး၊ ဒါပေမယ့် ကညာကတော့ အိမ်

"တို့အားလုံးဆုံနေမှန်း သိရင် မေပျို ပြန်ထွက်လာမှာပဲလေ ဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ"

"ဟင် မေပျိုက အိမ်မှာမနေဘူးလား"

"ဟုတ်တယ်၊ သူက ဒီလိုပဲ တစ်ခါတလေ ပျောက်ပျောက် သွားတတ်တယ်၊ ဘယ်မှာနေတယ်ဆိုတာ ဘယ်လိုမှ စုံစမ်းလို့မရဘူး၊ ဒါပေမယ့် သူပြန်ရောက်လာမှာပါ"

ကျော်ဇင် မျက်မှောင်ကြုတ်ရင်း၊

"ဘယ်ကိုလဲ"

"ကိုဒီးကော်ဖီဆိုင်ကို"

"ဟင်"

× × ×







ကိုဒီး စားပွဲခုံများကိုလိုက်သုတ်ရင်း ငြီးသည်မျှော်နေသည်။ အမြဲတစေ သောက်သုံးသူ ကျဲပါးလှသော သူ့ဆိုင်ကလေးကို သူ အားမရနိုင်ဖြစ်နေသည်။

"တောက် ဆိုင်ရှင်နှယ်၊ ဒီလောက် လူရှားတဲ့ နေရာမှာမှ ကော်ဖီဆိုင် ဘာလို့လာဖွင့်ထားလဲမသိ"

သူမမြင်ဘူးသော ဆိုင်ရှင်ကို



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်ရေရွတ်၏။

ဘယ်သို့ဖြစ်ဖြစ်၊ သူ့အလုပ်က သူတာဝန်ယူရသောဆိုင်လေး သန့်သန့်ရှင်းရှင်းနှင့် သောက်သုံးသူများ သဘောကျစေရန်သာ။

"ကျွိ"

ကော်ဖီဆိုင်တံခါးဖွင့်သံကြား၍ ကိုဒီးခေါင်းထောင်ကြည့်သည်။ တံခါးဝတွင် ရပ်နေသော သူကိုမြင်တော့ ကိုဒီး ဝမ်းသာသည် ထက် ဝမ်းသာသွားသည်။

"ဟာ ကြွပါဆရာ၊ မလာတာကြာလို့ ကျွန်တော်တောင်မျှော် နေမိပါတယ်ဆရာ၊ ထိုင်နေကျခုံကိုပဲ ကြွပါဆရာ"

ကိုဒီးက ထိုညွှန်သည်ထိုင်နေကျ နံပါတ်(၅)ခုံသို့ ခေါ်ဆောင် သွားလိုက်သည်။ ပြီးနောက် နှုတ်မှလဲ

"ဆရာရယ်၊ ဆရာမလာတာနဲ့ ကျွန်တော့်မှာ စိတ်ဝင်စားစရာ ပုံပြင်တွေ နားမထောင်ရတော့ဘဲ ပျင်းနေတာ၊ ဆရာပြန်ရောက်လာ ပြီဆိုတော့ ပုံပြင်တွေ ပြန်နားထောင်ရပြီပေါ့နော် ဆရာ"

ပုံပြောသူမှာ ဘာမှမပြောဘဲ နေရာချပေးသောခုံတွင် ဝင် ထိုင်လိုက်သည်။

"ကော်ဖီတစ်ခွက်ပေးပါ"

"ရမယ်ဆရာ ရမယ်"

ကိုဒီး အလျင်အမြန် ကော်ဖီဖျော်ပေးလိုက်သည်။ ကော်ဖီ ခွက်ကို ထိုသူ့ရှေ့ချပေးရင်း မျှော်လင့်ချက်နှင့်

"ဒီနေ့ရော၊ ဘာပုံပြင်တွေ နားထောင်ရမလဲဆရာ"

ပုံပြောသူမှ သူ့ကိုမော့ကြည့်သည်။ ပြီးမှ

"ခင်ဗျား ပုံပြင်တွေကို ထိုင်ကြည့်ဖူးလား"

"ဗျာ"

ထိုသူ၏အမေးကြောင့် ကိုဒီးကြောင်သွားသည်။ ထိုသူမှ





ခေါင်းညိတ်ပြီး

"ခင်ဗျားကိုယ်တိုင် မကြာခင် ပုံပြင်တွေကို ထိုင်ကြည့်ရမှာပါ"

ကိုဒီး ခေါင်းကုတ်လိုက်သည်။ သူ့အနေနှင့် ပုံပြင်တွေကို ထိုင်ကြည့်ရမည်ဆိုတာကို ဉာဏ်မမီနိုင်။ ထို့ကြောင့် သူ၏မူလနေရာမှန် ကော်ဖီဖျော်စက် နား ပြန်သွားရန်သာ ခြေလှမ်းပြင်သည်။

> ကိုဒီး ခေါင်းကုတ်လိုက်သည်၊ သူ့ အနေနှင့် ပုံပြင်တွေကို ထိုင်ကြည့် ရမည်ဆိုတာကို ဉာဏ်မမီနိုင်၊

"ကျွိ"

သူ့ခြေလှမ်းပင် မစရသေး။ တံခါးဖွင့်သံ ကြားရပြန်သည်။ ကြည့် လိုက်တော့

"ဟာ"

သူ့ဆိုင်သို့ မကြာသေးခင်က ရောက်လာခဲ့သော ကောင်မလေးလှလှ နှစ်ယောက်။ ကိုဒီးဝမ်းသာသွားပြန် သည်။

"ကြွပါခင်ဗျ၊ ကော်ဖီလတ်လတ် ဆတ်ဆတ်တွေ ရပါတယ်၊ ဟောဒီမှာ စားပွဲအလွတ်တွေလည်း အများကြီး ပါခင်ဗျာ၊ ကြွပါ"

ကိုဒီး အပေါက်ဝနားက ခုံ တစ်လုံးကိုပြင်ပေးသည်။ သို့သော် ကောင်မလေးများက သူ့ကိုကျော်ပြီး စားပွဲခုံ(၅)ဆီသို့ ဦးတည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုဒီး အံ့အားသင့်သွားသည်။ ကောင်မလေးနှစ်ယောက်နှင့် ပုံပြောသူတို့ ဆက်စပ်ပုံကို စဉ်းစား၍မရ။

"ကော်ဖီနှစ်ခွက်ပေးပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကိုဒီး ကော်ဖီသွားဖျော်ပြန်သည်။ သူကော်ဖီဖျော်လို့မပြီးခင်မှာပင် ဆိုင်တံခါးပွင့်လာပြီး သူ မျက်မှန်းမတန်းမိသော ယောကျ်ားပျိုတစ်ဦး ဝင်လာပြန်သည်။ ကိုဒီးမှာ ကော်ဖီဖျော်လက်စတန်းလန်းကြီးမို့

"ကြွပါခင်ဗျ၊ အဆင်ပြေတဲ့နေရာထိုင်ပါခင်ဗျ၊ ကျွန်တော်ကော်ဖီဖျော်လိုက်ပါ့မယ်"

ထိုသူက ကိုဒီးစကားကို ဂရုမစိုက်ဘဲ စားပွဲခုံ(၅)ဆီသို့သာ ဦးတည်သွားလေသည်။

ကိုဒီး တစ်ခါမှ အဆက်အစပ်မရှိသော လူလေးဦး တစ်စားပွဲတည်းထိုင်နေ၍ အံ့အားသင့်သွားရသည်။

လေးယောက်လုံးက တစ်ယောက်ကိုတစ်ယောက် စကားမဆိုဘဲ သူစိမ်းတွေလိုပင် ထိုင်နေကြသည်။

ကိုဒီး နောက်ဧည့်သည်အတွက်ပါ ကော်ဖီကိုဖျော်ပေးပြီးချပေးလိုက်သည်။

"နောက်တစ်ခွက် ဖျော်ထားပေးပါ"

"ခင်ဗျာ"

နောက်ဆုံးရောက်လာသူ၏ စကားကြောင့် ကိုဒီးအံ့အားသင့်သွားသည်။

လူက လေးယောက်။ ကော်ဖီက ငါးခွက်မှာနေတာကိုး။

"ဟို ဟိုလေ လူကလေးယောက်"





"ပြောတဲ့အတိုင်းလုပ်ပါ"

"ဟုတ် ဟုတ်ကဲ့"

ကိုဒီး စကားမဆက်တော့။ ကမ်စတမ်မာစိတ်ကြိုက်မို့ ဘုမသိဘမသိနှင့် ကော်ဖီတစ်ခွက် ထပ်ဖျော်ပြီး လွတ်နေသောခုံနေရာတွင် ချပေးလိုက်ရသည်။ စိတ်ထဲမှာတော့ ဝေခွဲမရ။

ကော်ဖီကငါးခွက်။ လူက လေးယောက်။

လေးယောက်လုံးကလည်း တစ်ယောက်ကိုတစ်ယောက် မကြည့်၊ သိဟန်လည်းမပြဘဲ သောက်သုံးသူလစ်လပ်နေသော အငွေ့တထောင်းထောင်းထ ကော်ဖီခွက်ကိုသာ ငေးကြည့်နေကြသည်။

သူတို့တွေ စိတ်လှုပ်ရှားနေကြသည်လား စိတ်ရှုပ်နေကြလား ကိုဒီးမဝေခွဲနိုင်။ အားလုံး ငြိမ်သက်နေကြသည်။

အတန်ကြာမှ ပြိုင်တူဆိုသလိုပင် ကော်ဖီခွက်ကို မယူလိုက်ကြသည်။ ကိုဒီး ဘာဆက်ဖြစ်မလဲ ကြည့်နေတုန်းမှာပင် မီးအမှောင်ကျသွားသည်။

"ဟာ"

အလုံခန်းမို့ ဆိုင်တစ်ခုလုံး မှောင်မဲကျသွားသည်။ မဖြစ်စဖူးဖြစ်တာမို့ ကိုဒီး ပျာပျာသလဲဖြစ်သွားပြီး

"ခဏကလေးပါဗျာ၊ လျှပ်စစ်မီးပြတ်တောက်သွားတာပါ၊ မကြာခင်"

သူစကားပင် မဆုံးလိုက်။ မီးက ဖျတ်ခနဲပြန်လာသွားသည်။ ခုနက လူလေးဦးထိုင်နေသော စားပွဲခုံကိုကြည့်လိုက်တော့

"အောင်မလေး"

ကိုဒီး လန့်၍ထအော်မိသည်။ လူက အနောက်လန်ကျမတတ်။ သူလန့်မည်ဆိုလည်း လန့်စရာ ခုနက လစ်လပ်နေသော ခုံနေရာတွင် ဘယ်အချိန်က ဘယ်လိုရောက်နေမှန်းမသိသော ပိန်ပိန်



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူကောင်မလေးတစ်ယောက်။ ကော်ဖီခွက်ကိုကိုင်လျက်သား။

ကိုဒီး လိပ်ပြာလွင့်မတတ်ဖြစ်သွားရသည်။ ကောင်မလေးပုံကလည်း ဝိညာဉ်တစ်ခုလို ဖြူလျော်လျော် နှင့်။ ကိုဒီး အသားတွေပါ တုန်တက်သွားသည်။ ကော်ဖီငါးခွက်၊ လူ ငါးယောက်၊ စားပွဲခုံနံပါတ် ငါး။ သူနှင့်ခြားနားစွာ ယခင်ရောက်နေသူလေးဦးမှာ အံ့သြဟန်မပြ၊ ငါးယောက်လုံး ကော်ဖီခွက်ကို မကိုင်လျက်သား။

"မတွေ့တာကြာပြီနော်"

ဝိညာဉ်လိုကောင်မလေး၏ စကားသံ။ ကော်ဖီခွက်များ တိုက်သံ ချွင်ခနဲ ကြားလိုက်ရသည်။

× × ×







"ပုံပြင်တစ်ခုပြောပြမယ်"

ဗညား၏အသံ။ အားလုံးငြိမ်သက်နေကြသည်။

"တစ်ခါက တောအုပ်တစ်ခုမှာ သစ်သီးအခက်အလက်တွေနဲ့ ပြည့်စုံဝေဆာတဲ့ သစ်ပင်ကြီးတစ်ပင်ရှိတယ်"

အားလုံးနားထောင်နေကြသည်။ ကိုဒီးပင် နားစွင့်နေ၏။

"တစ်နေ့မှာ သစ်ပင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



မှည့်ရွှမ်းနေတဲ့ သစ်သီးတစ်လုံးက မေးခွန်းထုတ်တယ်"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

"ငါတို့ရဲ့ဖန်ဆင်းရှင်သည် မည်သူဖြစ်သနည်း။

"အကိုင်းအခက်တွေ အပွင့်တွေ အသီးတွေပါ လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်၊ ဒါပေမယ့် ဘယ်သူမှ အဖြေမပေးနိုင်ကြဘူး၊ အဲဒီမှာ သစ်ပင်ကြီးက ဖြေတယ်"

"မင်းတို့ရဲ့ ဖန်ဆင်းရှင်က ငါပါပဲ"

"ဒါကို သစ်သီးလေးက မယုံဘူး၊ ခင်ဗျား ဘာနဲ့သက်သေပြမလဲ ဆိုတော့ သစ်ပင်ကြီးကပြောတယ်"

"ငါသည် သင်တို့အား ထမ်းပိုးနိုင်ရန်အတွက် မာကျောသော မြေပြင်ထဲမှစ၍ ရုန်းကန်ခဲ့ရပါသည်၊ ထို့အပြင် အလီလီပြောင်းလဲတတ်သော ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံ၍ မလျှော့သောစိတ်ဓာတ်ဖြင့် ရှင်သန်ခဲ့ရပါသည်၊ ထိုကဲ့သို့သော ဖွဲ့လုံ့လတို့ကြောင့် ရာသီတစ်ပတ်လည်တွင် ငါ၏သမီးတော်များဖြစ်သော အခက်၊ အပွင့်တို့ကို မွေးဖွားနိုင်ခဲ့ပါသည်၊ ယခုအချိန်တွင်တော့ သင်တို့ကဲ့သို့သော မှည့်ရွှမ်းသောအသီးများကိုပင် မွေးဖွားနိုင်ပြီဖြစ်၍ ငါသာလျှင် သင်တို့၏ ဖန်ဆင်းရှင်ဖြစ်ပါသည် "

ဗညားက ကော်ဖီတစ်ကျိုက် သောက်လိုက်သည်။

"ဒီစကားဟာ မမှန်ဘူးလို့ ငြင်းလို့မရပါဘူး၊ သစ်သီးသစ်ပွင့်ဆိုတာ သစ်ပင်ကနေ ဖြစ်လာတာပါပဲ၊ ဒါပေမယ့် သစ်သီးဟာ အဲဒီအဖြေစကားကို မကျေနပ်ဘူး၊ ဒါနဲ့ သူက ဆိုပြန်ပါတယ်"

"အို သစ်ပင်ကြီး၊ သင်၏အဖြေစကားသည် ယုတ္တိတော့တန်ပါပေသည်။ သို့သော် ကျွန်ုပ်ကတော့ ဤသို့မထင်"

"အားလုံးသော သစ်ခက်တွေ၊ အခြားသောသစ်သီးများကပါ သူ သူတစ်ပါးအကိုင်းအခက်မှာ မှီခိုပြီး မာန်တက်နေတယ်ထင်ရတဲ့ သစ်သီးကို ငေးကြည့်နေကြတာပေါ့၊ ဒီမှာ သစ်သီးငယ်က ဆက်ပြောတယ်၊

အို လတ်ဆတ်သော သစ်သီးအပေါင်းတို့ ငါတို့၏ဘဝကို ဤသစ်ပင်ကြီးက ဖန်ဆင်းထားသည်မှာ မဟုတ်၊ ငါတို့သည် ငါတို့ ကိုယ်ငါတို့ ဖန်ဆင်းထားခြင်းသာဖြစ်သည်၊ ဤသစ်ပင်ကြီးသည်လည်း မည်သူမှဖန်ဆင်းထားသည်မဟုတ်၊ ငါတို့ဖန်ဆင်းထားခြင်းသာဖြစ်သည်"

> "ငါ့ကိုယ်ငါ
> သစ်ပင်ပေါ်
> တွယ်ကပ်နေတဲ့
> သစ်ခက်သစ်လက်လို့
> ဘယ်တုန်းကမှ
> မယူဆဘူး"

"သူ့စကားကြားတော့ အားလုံးတုန်လှုပ်ကုန်တာပေါ့၊ သူတို့ဟာ ဘယ်ဘဝကလာတယ်မှန်း မသိဘဲ မြေပြင်မှာ အမြစ်တွယ်ပြီး ရှင်သန်ခွင့် ပေးနေတဲ့ သစ်ပင်ကြီးကိုလည်း ဒီသစ်သီးငယ် စော်ကားလိုက်လေခြင်းဆိုပြီး ဝမ်းနည်းကုန်ကြတယ်၊ ဒါကိုသိတဲ့ သစ်သီးငယ်က"

"အို သစ်သီးသစ်ခက်အပေါင်းတို့ သင်တို့ ငါ၏စကားကို နားမလည်နိုင်ဖြစ်နေပေလိမ့်မည်၊ မည်သူမဆို ကိုယ့်ဘဝကိုကိုယ်သာ ဖန်တီးနေကြောင်းကို ငါ သက်သေပြအံ့

ဆိုပြီး မြေပြင်ပေါ် ကြွေကျလိုက်ပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



ဗညားက စကားစကိုဖြတ်ပြီး အေးစက်စက်ကော်ဖီကို မော့သောက်လိုက်ပြန်သည်။ ရှေ့တွင် နားထောင်နေသူများ မဆိုထားနှင့်၊ ကိုဒီးပင် ကောင်တာမှနေ၍ သီသီသာသာကို နားစွင့်နေသည်။

"ကျွန်တဲ့သစ်သီး သစ်ပွင့်တွေက မာနကြီးလွန်းတဲ့ သစ်သီးလေးကို မြေပြင်ပေါ်တွေ့ရတော့ သနားကြတယ်၊ မကြာပါဘူး၊ သစ်သီးလေးဟာ မြေပြင်ရဲ့ဖုံးလွှမ်းခြင်းကို ခံလိုက်ရတယ်လေ"

ကိုဒီးပင် ခေါင်းညိတ်မိ၏။ မာနကြီးသူ၏ ကျဆုံးခန်းကိုး။ သို့သော် သူထင်သလိုမဟုတ်။ ဗညားက စကားထပ်ဆက်သည်။

"သိပ်မကြာပါဘူး၊ မြေပြင်ကနေ သစ်သီးကတစ်ဆင့် သစ်ပင်ဖြစ်ဖို့ အညှောင့်လေးတစ်ခု မြေပြင်ပေါ်တိုးထွက်လာတယ်"

အားလုံး ငြိမ်သက်နေကြသည်။

"သစ်သီးလေးက မည်သူမဆို ကိုယ့်ဘဝကိုကိုယ်ဖန်တီးတယ်ဆိုတာ သက်သေပြလိုက်တာပါပဲ"

မည်သူမျှမလှုပ်ကြ။ ဗညားက အားလုံးကို ဝေ့ကြည့်ပြီး။

"ငါတို့ငါးယောက်ဟာ သစ်သီးတွေပဲ ဆိုပါတော့၊ ချစ်ခြင်းမေတ္တာဆိုတဲ့ သစ်ပင်ပေါ်တွယ်ကပ်နေတဲ့ သစ်သီးတွေပဲထားပါတော့"

ဗညားက အားလုံးကို ဝေ့ကြည့်ပြန်သည်။ ပြီးမှ

"ငါတို့ဘဝကို ဘယ်သူဖန်တီးနေတာလဲ"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ကော်ဖီခွက် မော့သောက်သူသောက်၊ တစ်ရှူးလှမ်းယူသူယူ ဖြစ်ကုန်ကြ၏။

"ငါမဟုတ်ဘူး"

မေပျို့အသံ။

"ငါမဟုတ်တာ သေချာတယ်"

မေပျိုမှပင် ထိုစကားကိုဆက်သည်။ အားလုံး၏အကြည့်က ကညာဆီရောက်ကုန်၏။





ကညာက ဘာမှမခံစားရသော မျက်နှာမျိုးနှင့် သူ့ရှေ့က ကော်ဖီခွက်ကိုသာ စိုက်ကြည့်နေသည်။ အတန်ကြာမှ

"ငါလည်း မဟုတ်ဘူး"

အားလုံး အလန့်တကြား ဖြစ်ကုန်၏။ မေပျိုမှ ဆက်၍

"ငါကိုယ်ငါ သစ်ပင်ပေါ်တွယ်ကပ်နေတဲ့ သစ်ခက်သစ်လက်လို့ ဘယ်တုန်းကမှ မယူဆဘူး"

ကျန်သူအားလုံး ကြောင်ငေးနေကြသည်။ မည်သူကသစ်သီးနည်း။ မည်သူမှ မဝေခွဲနိုင်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





"ကညာ"

စိမ်းစိုစိုကွက်လပ်ကြီးတွင် မတ်တတ်ရပ်နေသော ကောင်မလေးက ပြန်လှည့်ကြည့်သည်။

"ဗညား"

ဗညား ကညာ့ဆီသို့ ဖြည်းညင်းစွာ လှမ်းလျှောက်သွားသည်။

ကညာကတော့ ဖြူမွဲမွဲကောင်းကင်ကြီးကိုငေး၍။ ဗညားကသာ ကညာ





နှင့် ပခုံးချင်းယှဉ်ရပ်လိုက်သည်။

"တို့တွေမဆုံဖြစ်တာတောင် ကြာပြီနော်"

ကညာ မည်သို့မှ မတုံ့ပြန်။ ဗညား သက်ပြင်းချ၍

"ဘာတွေများ ပြောင်းလဲခဲ့သလဲ ကညာ"

ကညာ နှုတ်ဆိတ်နေ၏။

"ငါကတော့ ဘာမှမပြောင်းလဲခဲ့ဘူး ကညာ၊ နင့်ကို ချစ်နေဆဲပါပဲ"

ကညာ တိုးတိုးဖွဖွရယ်သည်။ ဗညားက ကညာကိုငေ့ကြည့်ရင်း

"မယုံလို့လား ကညာ"

ကညာရယ်နေသည်။ ပြီးမှ လေသံတိုးတိုးဖြင့်

"ယုံပါတယ်"

လေက ခပ်အေးအေးပင် တိုက်ခတ်နေသည်။

"ငါတို့ဘဝတွေက သူတစ်ပါးထက် မပြည့်စုံပေမယ့် ငါတို့ဘဝတစ်ခုစာ လုံခြုံရုံတော့ ပြည့်စုံပါတယ်ကညာ"

ကညာက ဗညားကိုငေ့ကြည့်သည်။

"ဘဝတစ်ခုကို ပြည့်စုံစွာ တည်ဆောက်လို့ရနေပြီပဲ ကညာ၊ ဘာလို့များ ဒီကစားပွဲကို ဆက်ပြီးကစားချင်နေရတာလဲ"

ကညာ ပြုံးနေသောမျက်နှာ ချက်ချင်းတည်သွားသည်။ ထိုမေးခွန်းက အေးချမ်းနေသော သူ့မျက်လုံးကို အရောင်ပြောင်းစေ၏။

"ဘာလို့ဆက်ကစားချင်ရသလဲ ဟုတ်လား ဗညား"

သူ့အသံက ဒေါသသံစွက်နေ၏။ ဗညားက ရုတ်ခြည်းပြောင်းလဲသွားသော သူမကို ငေးကြည့်နေမိသည်။

"လူတစ်ယောက်ဟာ သူ့တစ်သက်လုံး အနိုင်မရခဲ့တဲ့လူတစ်ယောက်ကို တစ်ကြိမ်တစ်ခါလောက်တော့ နိုင်ချင်ကြတာပဲ ဗညား။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း လူတစ်ယောက်ပါ”

ရှင်းပြနိုင်ရန် စကားလုံးများ မရှိတော့။ အားလုံးက ကိုယ့်အမှန်တရားနှင့်ကိုယ်ချည်းကိုး။

“သူနဲ့ငါ့ဘဝဟာ ကြေးစည်နဲ့လက်ခတ်လိုပဲ ဗညား၊ ငါ သူ့ဘဝကို လည်မွတ်သွားအောင် ရိုက်ခတ်ရမှာပဲ”

ဗညား အံ့အားသင့်စွာ ကညာကိုပြန်ကြည့်သည်။ ဤမျှလောက် လှသောမိန်းမတွင် ဤမျှလောက်မာန်မာနရှိမှန်း သူမသိ။ သက်ပြင်းကိုသာချရင်း၊

“ကညာရယ်”

အသံတို့တိတ်ဆိတ်နေ၏။ အတန်ကြာမှ ဗညားက

“ငါတို့ကစားပွဲက ဘယ်တော့ ဆုံးမှာလဲဟင်”

ကညာ ဗညားကို ပြန်ငေးကြည့်သည်။ ပြီးမှ

“သိပ်မကြာတော့ပါဘူးဗညား”

သူမမျက်နှာ အရှေ့သို့ ပြန်လှည့်သွားသည်။

“ပွဲက ပြီးသွားမှာပါ”

သူမ၏မျက်နှာက ကြောက်စရာကောင်းအောင် အေးစက်နေသည်။

× × ×







လူတစ်ယောက်၏ အမှုအကျင့်ကို သိလိုသောအခါ မျက်နှာကိုကြည့်၍ ဆုံးဖြတ်ကြသည်၊ အမှန်တော့ ထိုသူ၏ မျက်လုံးသူငယ်အိမ်နှင့် လက်များကို ကြည့်ရမည်ဖြစ်သည်၊

လိမ်လည်တတ်သောအခါ မျက်လုံးသူငယ်အိမ်ပြောင်း၍ လက်များအရင်ဆုံး လှုပ်ရှားလာတတ်သည်၊

× × ×



www.burmeseclassic.com



သူတို့ရှေ့တွင် ကိုဒီးဖျော်ပေးသော အငွေ့တထောင်းထောင်းထ ကော်ဖီနှစ်ခွက်ရှိနေသည်။

"မင်း ဘယ်လိုထင်လဲ ဗညား"

ဗညားက ကော်ဖီခွက်ကို လှည့်နေသည်။ အတန်ကြာမှ

"မေပျိုက ဘာမှသိပ်မှတ်မထားဘဲ ကညာကပဲ ဖြစ်နေတာလားမသိဘူး"





ကျော်ဇင် ခေါင်းညိတ်သည်။

"ငါလည်း အဲဒီလိုပဲ သံသယရှိတယ်ဗညား၊ မေပျိုပြန်ပေါ်လာတာနဲ့ ကညာ ဘာကြောင့် ပြန်ရောက်လာတာလဲဆိုတာ စဉ်းစားစရာပဲ"

ဗညား မျက်မှောင်ကြုတ်သွား၏။

"တစ်ခုရှိသေးတာက ကညာလာမယ်သိလို့ မေပျိုဦးအောင်ရောက်လာတာလဲ ဖြစ်နိုင်တာပဲ"

ကျော်ဇင် ခေါင်းညိတ်ပြန်သည်။

"စဉ်းတော့ စဉ်းစားစရာပဲလေ၊ မေပျိုဆိုတာကလည်း ကြောက်စရာအကောင်းဆုံးနဲ့ ခန့်မှန်းရအခက်ဆုံး မိန်းမထဲမှာ ပါတယ်"

ဗညား ကော်ဖီခွက်ကို ဖိမ်နှင့်သောက်နေသည်။ အတန်ကြာမှ

"မေပျိုက ကြောက်စရာကောင်းတယ်ဆို ကညာကရော"

ကျော်ဇင်ဝေ့ကြည့်သည်။

"အေးပေါ့လေ၊ အချစ်စိတ်တစ်ခုနဲ့ကြည့်လို့သာ အပြစ်မမြင်တာလား"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ငြိမ်နေကြသည်။ အရှေ့မှ ကော်ဖီခွက်ကပင် အငွေ့သေလုလု။ နှစ်ဦးသား၏ ချစ်ခြင်းမေတ္တာက တစ်ယောက်တည်းတွင်ရှိသော်ငြား နားလည်ကြသူချင်းမို့ ဘာပြဿနာ ကြီးကြီးမားမားမှမရှိ။

"ဒါနဲ့ နေပါဦး၊ အခုနောက်ဆုံးကစားပွဲကရော မေပျိုကို နိုင်မယ်လို့ မင်းထင်သလား"

ဗညား၏အမေး။ ကျော်ဇင်က ခေါင်းညိတ်ပြီး

"ကညာနဲ့မြတ်က အသေအချာ စီစဉ်ထားတာပဲ၊ ဒီလောက်သေချာတဲ့ကိစ္စ မနိုင်ဘူးဆိုတာ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝဉ္စား သက်ပြင်းချလိုက်သည်။ ပြီးမှ
"အေးလေ၊ ဒီလိုဆိုတော့လဲ မေပျိုက သနားစရာ"
"ဘယ်တတ်နိုင်မှာလဲကွာ"
နှစ်ယောက်သား ကော်ဖီခွက်လို အေးစက်ကုန်ပြန်သည်။

× × ×







လူငါးဦး စားပွဲခုံနံပါတ်ငါးတွင် ကော်ဖီငါးခွက်နှင့် ငြိမ်သက်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ ပျော်ပျော်ရွှင်ရွှင်လည်း မရှိ။ မသိလျှင် တစ်ယောက်အလစ်ကို တစ်ယောက်က တိုက်ခိုက်ဖို့ ချောင်းနေသော ကျားသဖွယ်သာ ကိုဒီး၏စိတ်ထဲ မြင်နေမိသည်။

နေ့စဉ်နှင့်အမျှ တစ်နည်းမဟုတ် တစ်နည်းနှင့် ဤဆိုင်သို့ အတူတကွ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတတ်ကြသော်လည်း တစ်ခါမှ ရင်းနှီးဟန်မပြ။ သို့သော် တစ်ခါကတော့ အသေအချာရင်းနှီးဖူးခဲ့ကြမည်မှာ အသေအချာပင် ဖြစ်ကြောင်း သူတို့၏နေပုံထိုင်ပုံများကို ခန့်မှန်းကြည့်၍ရသည်။

"တို့တွေ ဒီအတိုင်း တွေ့နေရတာ ပျင်းဖို့ကောင်းပါတယ်"

မြတ်၏စကားသံ။ ကျော်ဇင်က သူမကိုဝေ့ကြည့်ပြီး၊

"အဲဒီတော့"

"ကစားပွဲ တစ်ခုလောက် ဖန်တီးရအောင်လား"

အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ဗညားက မျက်မှောင်ကြုတ်ရင်း

"ဘယ်လိုကစားနည်းမျိုးလဲ"

မြတ်က အားလုံးကို ဝေ့ကြည့်ပြီး

"Killer"

ပို၍လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ မည်သူကမှ စကားသံထွက်မလာ။ အတန်ကြာမှ မေပျိုက

"ပုံပြင်တစ်ခု ပြောပြမယ်"

အားလုံး မေပျို့ကို ဝေ့ကြည့်ကြသည်။

"တစ်ခါက တောကြီးတစ်ခုမှာ တောကြောင်လင်မယားရှိသတဲ့၊ သူတို့ဟာ နေ့စဉ် အစာရှာကြရင်း၊ တောနက်ကြီးထဲမှာ တောကြောင်မက ဗိုက်နာသတဲ့၊ သူဟာ ကလေးမွေးချင်တဲ့ သဘောပါပဲ၊ ဒါနဲ့ အနီးအနားကို ရှာကြည့်တော့ မြေခွေးအောင်းတဲ့တွင်းတစ်တွင်းကို တွေ့ရတယ်၊ တောကြောင်လင်မယားဟာ အပြင်မှာ ကလေးမွေးရင် သားရဲအန္တရာယ်က ပိုကြီးတာမို့ မြေခွေးတွင်းမှာပဲ ကလေးကိုမွေးဖို့ ဆုံးဖြတ်လိုက်ကြတယ်"

အားလုံးက သူမစကားကို နားစွင့်နေကြသည်။

"ဒါပေမယ့် တောကြောင်ထီးက ဒီလိုကြံသတဲ့၊ အကယ်၍





"ခြောက်တိုင်းကြောက်တတ်တဲ့ ကျားနဲ့မြေခွေးလည်း မဟုတ်ဘူး မေပျို"

များ မြေခွေးက သူ့သားရဲတွင်းကိုလာတဲ့အခါ ငါက အပြင်ကနေ 'ရှင်မရေ ငါရှာထားတဲ့ မြေခွေးသားကျန်သေးသလား' အော်မေးမယ်၊ အဲဒီအခါ မိန်းမဖြစ်သူက 'အလိုတော် ရှင့်သားတွေစားလို့ကုန်ပေါ့' ပြန်ဖြေရမယ်၊ ဒါဆို တောကြောင်ထီးက 'အေးအေး ဒါဆိုလည်း မင်းသားတွေစားဖို့ မြေခွေးတစ်ကောင် ငါထပ်ရှာမကွဲ့'လို့ပြောမယ်ပေါ့၊ သူတို့စည်းဝါးကိုက်လို့ သိပ်မကြာခင်မှာပဲ အစာရှာသွားတဲ့ မြေခွေး သူ့ရဲ့တွင်းကို ပြန်လာတယ်"

ကော်ဖီခွက်များ အေးစက်နေလေပြီ။ မေပျိုမှသာ ဆက်၍

"ဒီမှာ အပြင်မှာရှိနေတဲ့ တောကြောင်ထီးက အသံကျယ်ကျယ်နဲ့ 'ဟယ်ရှင်မ ငါရှာထားတဲ့ မြေခွေးသားကျန်သေးသလား'ဆိုပြီး အော်မေးတယ်၊ သူတို့တိုင်ပင်ထားတဲ့အတိုင်းပဲ တောကြောင်မက တွင်းထဲကနေပြီး'အလိုတော် ရှင့်သားတွေ စားလို့ကုန်ပေါ့'ဆိုတော့ ထုံးစံအတိုင်း တောကြောင်ထီးကလည်း 'အေးအေး ဒါဖြင့် နင်နဲ့ငါ စားဖို့ မြေခွေးတစ်ကောင်တော့ ဖမ်းရသေးတာပ'ဆိုတော့ မြေခွေးကလည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲမှာ မြေခွေးသားစားတဲ့ တောကြောင်တွေ သူ့တွင်းထဲ ရောက်နေပြီဆိုပြီး ကြောက်လန့်ပြီး ထွက်ပြေးပါလေရော”

အားလုံးက မေပျို၏ပုံပြင်ကိုသာ တစိုက်မတ်မတ် နားထောင်နေကြသည်။

“တစ်နေရာမှာတော့ ကြောက်လန့်ပြီး ပြေးလာတဲ့မြေခွေးဟာ ကျားကြီးနဲ့ဆုံပါလေရော၊ ကျားကြီးကမေးတယ်၊ ‘အသင်မြေခွေးဘာအတွက်ကြောင့်များ ကြောက်လန့်ပြီး ပြေးလာရသလဲပေါ့’ဒီမှာ မြေခွေးက ‘အရှင်ကျားကြီး၊ ကျွန်ုပ်၏ခိုအောင်းရာနေရာ၌ မြေခွေးသားစားသော တောကြောင်များ ရောက်နေပါသည်၊ သူတို့က ကျွန်ုပ်ကို ဖမ်းယူစားသောက်ရန် ကြံစည်သည့်အတွက် ထွက်ပြေးခဲ့ရပါသည်’ ဆိုပြီးပြောတယ်”

အားလုံးက ပုံပြင်ကို စိတ်ဝင်စားနေကြသည်။

“ဒီတော့ ကျားကြီးက မြေခွေးကို ‘ဟယ် မြေခွေး၊ မဖြစ်နိုင်လိုက်တာ၊ လောကမှာ မြေခွေးကသာ တောကြောင်ကိုစားတာ၊ တောကြောင်က မြေခွေးကို စားရိုးထုံးစံမရှိ၊ ငါ ဒီတောကြောင်တွေကို လိုက်ကြည့်မယ်’ဆိုတော့ မြေခွေးက ‘အသင်ကျား လိုက်ခဲ့ခြင်းက ကောင်း၏။ သို့သော ဒီအတိုင်းတော့ မသွားရဲ၊ တစ်ကောင်ကောင် လက်လွှတ်ထွက်မပြေးနိုင်အောင် တစ်ကောင်အမြီး တစ်ကောင်ချည်ပြီးမှသာ စိတ်ချနိုင်မည်’ဆိုပြီး တစ်ကောင်အမြီးတစ်ကောင် စိတ်ချရအောင် ချည်လိုက်ကြတယ်၊ ပြီးတော့ တောကြောင်ရှိနေတဲ့ မြေခွေးတွင်းကို သွားကြတာပေါ့။

မြေခွေးနဲ့ကျားကို တစ်ပြိုင်တည်းမြင်တော့ တောကြောင်က အခြေအနေမကောင်းမှန်းသိတယ်၊ သူမနိုင်တဲ့ အကောင်တွေချည်းဟာကိုး၊ ဒါပေမယ့် ဟိတ်ဟန်ကောင်းတဲ့ တောကြောင်က ဒီလိုပြောလိုက်တယ်၊ ‘ဟယ် မြေခွေးမိုက်၊ သင်နဲ့ငါ ပေါင်းပြီးစားရန်ကြံစည်





ခဲ့တာ ကိုးတောင်ကျားပဲ၊ ခု ဘယ့်နှယ် ကိုးတောင်မပြည့်တဲ့ကျားခေါ်လာတာလဲ’

တောကြောင်စကားလည်း ကြားရော ကျားကြီးဟာ တုန်လှုပ်သွားတယ်၊ မြေခွေးနဲ့တောကြောင်ပေါင်းပြီး သူ့ကို စားဖို့ကြံတာပဲဆိုတဲ့ အသိနဲ့ လွတ်ရာကျွတ်ရာ ထွက်ပြေးတော့တယ်၊ မြေခွေးကလည်း တောကြောင်က ကျားကိုတောင် စားမယ်ဆိုတော့ ကြောက်လန့်ပြီး ပြေးတယ်လေ၊ ဖြစ်ချင်တော့ ကျားနဲ့မြေခွေးက တစ်ကောင်နဲ့တစ်ကောင် မလွတ်နိုင်အောင် အမြီးချည်ထားကြတာလေ၊ ဒါကြောင့် ထင်ရာစွတ်ပြေးကြရင်း တစ်ကောင်နဲ့တစ်ကောင် ဆွဲလွဲလုံးထွေးကြရင်း တောင်အောက်ကိုကျပြီး သေပွဲဝင်ရရှာတယ်”

ရှည်လျားသော ပုံပြင်ကို အဆုံးသတ်ပြီး မေပျို သူ့ရှေ့က ကော်ဖီခွက်ကို ဖြည်းညင်းစွာမော့သောက်လိုက်သည်။ အားလုံးက တိတ်ဆိတ်ဆဲ။ မေပျိုက ကော်ဖီခွက်ကိုပြန်ချရင်း

“ဒီပုံပြင်ရဲ့ သင်ခန်းစာက”

သူ့စကားပင် မဆုံးလိုက်

“ငါ လိမ်လည်တတ်တဲ့ တောကြောင်မဟုတ်ဘူး”

ကညာ၏စကားသံ။ အားလုံး ကညာ့ကို ဝေ့ကြည့်သည်။ မေပျိုက ပြုံးပြီး၊

“ငါမဆိုလိုပါဘူးကညာ၊ ငါဆိုလိုတာက”

“ခြောက်တိုင်းကြောက်တတ်တဲ့ ကျားနဲ့မြေခွေးလည်းမဟုတ်ဘူး မေပျို”

မေပျို၏ရယ်သံ ကြားရသည်။

“နင်ကြောက်နေလား မေပျို”

“ဘာ”

ကညာ၏မျက်နှာမှာ ကြောက်စရာကောင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်နေသည်။ မေပျိုက အေးဆေးစွာပင် ကညာ့ကိုကြည့်သည်။ နောက်ခေါင်းကို ဖြည်းညင်းစွာခါပြီး၊

"ငါကြောက်လို့မဟုတ်ဘူး ကညာ၊ တန်ဖိုးမရှိတဲ့ ကစားပွဲတစ်ခုနဲ့ ငါတို့ရဲ့ဂုဏ်သိက္ခာကို အလဲအထပ် မလုပ်နိုင်တာပါ"

"ဟင်း ဟင်း"

ကညာ၏လှောင်ရယ်သံ။

"သိပ်ပြီးတော့ ရိုးပြမနေနဲ့ မေပျို၊ နင်ဘာလဲဆိုတာ နင်ကိုယ်တိုင် သိမှာပါ"

"သိပ်ပြီးတော့ ရိုးပြမနေနဲ့ မေပျို၊ နင်ဘာလဲဆိုတာ နင်ကိုယ်တိုင် သိမှာပါ"

မေပျိုမျက်နှာ တင်းခနဲဖြစ်သွားသည်။ သူတို့နှစ်ယောက်ကို ကြည့်၍ ဘေးနားက လူများပင် ကြောက်လန့်နေကြရသည်။

အတန်ကြာမှ မေပျိုက သက်ပြင်းချပြီး၊

"ကောင်းပြီလေ ကညာ၊ နင်ကစားစေချင်ရင် ကစားပေးပါ့မယ်၊ ဒါပေမယ့်"

မေပျိုက စကားစဖြတ်ရင်း ကညာကိုပြန်ကြည့်သည်။

"ဒီကစားပွဲမှာ ဘယ်သူနိုင်နိုင် နောက်ဆုံးပွဲပဲဖြစ်ပါစေ"





"စိမ်လိုက်လေ၊ လောင်းကြေးက"

"သဘောပါပဲ"

"ထုံးစံအတိုင်း စိတ်ကြိုက်တောင်းဆိုခွင့်ပေါ့"

မေပျို ဘာမှပြန်မဖြေ။ ကညာကိုသာ ကြည့်နေသည်။

သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေသည်။ ကညာ၏ မျက်လုံးများက မီးများပင်ပွင့်မတတ်။ မေပျိုကတော့ ခန့်မှန်းရခက်သော မျက်လုံးမျိုး။ သူတို့၏လောင်းကြေးကို သိသူများ ဇောချွေးတွေပျံနေသည်။

"ကျော်ဇင် ကဒ်တွေကို ဝေလို့ရပြီ"

မေပျို၏စကားသံ။ ကျော်ဇင် တုန်တက်သွားသည်။ နောက်မှ ကဒ်များကို ဆွဲထုတ်ပြီး ကုလားဖန်ထိုးလိုက်သည်။ သူ၏လက်များ တုန်ယင်နေသည့်အပြင် နဖူးများ ချွေးများပင် စိမ့်ထွက်နေ၏။ ကဒ်များကို ရောနှောသွားအောင် လုပ်လိုက်သည်။ နှုတ်မှလဲ

"ကဲ Killerကစားနည်းအတိုင်း စုံထောက်ရယ်၊ ပြည်သူရယ်၊ Killerရယ်ပါလိမ့်မယ်၊ စုံထောက်က Killerကို ရှာရမယ်၊ Killerက ပြည်သူကိုသတ်ရမယ်၊ စုံထောက်ကို မှားသတ်မိရင် Killerအရှုံး၊ စုံထောက်က Killerမဟုတ်ဘဲ People ကို မှားဖမ်းမိရင် စုံထောက်အရှုံး၊ အားလုံးသိပြီးသားပါပဲ"

ကျော်ဇင်က ရှည်လျားစွာရှင်းပြပြီး ကဒ်များကို သူ့လက်ပေါ်တင်ကာ၊

"ကဲ တစ်ယောက်တစ်ကဒ် ယူလို့ရပါပြီ"

အားလုံး ကဒ်များကို စိုက်ကြည့်နေကြသည်။ အတန်ကြာမှ မြတ်က စ၍ ကဒ်တစ်ခုကို ဆွဲယူလိုက်သည်။

မေပျိုက ကဒ်တစ်ခုကို ဆွဲယူသည်။ ကညာက အနိုင်ရသူလို ပြုံးပြီး၊



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား မေပျို"

မေပျို ဘာမှပြန်မပြော၊ သူ့ကဒ်ကို ဖွင့်လဲမကြည့်ဘဲ သူ့ရှေ့က စားပွဲခုံပေါ် ချထားလိုက်သည်။

ဗညားက တစ်ကဒ်ယူသည်။ ကညာက မေပျိုကို ပြုံး၍ စိုက်ကြည့်ပြီး ကဒ်တစ်ကဒ်ကို ဆွဲယူသည်။ နောက်ဆုံးကဒ်က ကျော်ဇင့်ဆီမှာ။

မေပျိုမှလွဲ၍ အားလုံး ကိုယ့်ကဒ်ကိုကိုယ် ကြည့်ကြသည်။ အားလုံးခန့်မှန်းရခက်သောမျက်နှာ။

မြတ်က သူ့ကဒ်ကို လက်ထဲ အသေအချာဝှက်ပြီး

"ကဲ အားလုံး တစ်ယောက်တစ်ကဒ် ယူပြီးပြီဆိုတော့ ကစားပွဲရဲ့ အချိန်ကန့်သတ်ချက်က"

"အချိန်ကန့်သတ်ချက် မလိုပါဘူးမြတ်"

မေပျို၏စကားသံ။ သူ့ကို အထူးအဆန်းသဖွယ် ဝေ့ကြည့်ကြသည်။ မေပျိုကသာ ခပ်တည်တည်နှင့် သူ့ကဒ်ကိုမကြည့်ဘဲ ဆွဲလှန်ရင်း

"ဒီကစားပွဲကို အခုတင် အဆုံးသတ်လို့ရပါတယ်"

သူလှန်လိုက်သော ကဒ်ကို ကြည့်လိုက်တော့၊

" Killer"

အားလုံး မျက်စိမျက်နှာ ပျက်ကုန်၏။ ကညာက သူ့ကဒ်လက်က လွတ်ကျသည်အထိ တုန်လှုပ်သွားသည်။ မေပျိုကသာ မထူးခြားသော မျက်နှာနှင့်

"ကိုယ့်ကဒ်ကိုကိုယ် ပြန်ကြည့်လိုက်ပါဦး၊ Killerကို ဖမ်းဖို့ စုံထောက်ကဒ် ဘယ်သူ့ဆီမှာပါလဲလို့"

ကြည့်လိုက်တော့ အားလုံး၏လက်ထဲတွင် Killerကဒ်ချည်းသာ။





"ဟင် နင် နင်"

ကညာ၏ အသံများ အုံ့အားသင့်မှု တုန်လှုပ်မှုများနှင့် ဆို့နင့်သွားသည်။ သူ့အပိုင်လုပ်ထားသည့်ကိစ္စ မေပျို ဘယ်လိုသိသလဲ၊ သူ မဝေခွဲနိုင်။

ဘာပြောရမှန်းမသိဘဲ သူ့မမျက်ဝန်းမှ မျက်ရည်တို့စိမ့်ထွက်လာသည်။ မေပျိုကသာ သူမကိုကြည့်၍ အေးဆေးစွာပင်

"နင်နဲ့ငါဟာ ကြေးစည်နဲ့လက်ခတ်လိုပဲ ကညာ၊ နင် ရိုက်ခတ်လေ၊ ငါအသံသာလေပါပဲ"

အားလုံး၏အကြည့်က တစ်ယောက်သောသူဆီ စုပြုံသွား၏။

"ဗညား"

× × ×



www.burmeseclassic.com

www.burmeseclassic.com





မိခင်က ကလေးငယ်ကို နေ့စဉ် ကတိပြုနေရပေသည်၊ ထိုအထဲတွင် တည်မြဲသော ကတိစကားများလည်း ရှိသလို မတည်မြဲသော ကတိစကားများလည်း ရှိပေမည်၊ သို့သော် ကလေးငယ်အကျွေရောက်အောင် လိမ်လည်ခြင်းမျိုးမဟုတ်၊ ကတိစကား မတော်တဆ ပျက်ယွင်းခြင်းသာ၊

ကတိစကားဆိုသည်မှာ လူအားလုံးရှေ့ ဆိုခဲ့သော်လည်း အားလုံးနှင့် အကျုံးမဝင်၊ ကတိပြုသူတစ်ဦးသာ ကတိတည်ရန် လိုအပ်ပေသည်၊

x x x







"မင်းသစ္စာဖောက်တာ ဗညား"

ကျော်ဇင်၏အသံက ကျယ်လောင်နေသည်။ ဖြတ်သွားဖြတ်လာ မရှိသော ကွင်းပြင်ကြီးမှာမို့ တော်သေးသည်။

"ကိုယ်ချစ်တဲ့သူကိုတောင် သစ္စာဖောက်ရဲတဲ့ မင်းကို ငါ အံ့ဩမဆုံးဘူး"

"ငါသစ္စာဖောက်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

ဗညားအသံက ဒေါသနှင့်ပြင်းထန်နေသည်။

"ငါသစ္စာမဖောက်ဘူး၊ ချစ်ခြင်းမေတ္တာကို ငါသစ္စာဖောက်တာမဟုတ်ဘူး"

"ဘာ ဘာ မင်းဘာပြောတယ်ဗညား"

ဗညား ကျော်ဇင့်ကို စိုက်ကြည့်လိုက်သည်။

"အချစ်ဆိုတာ မင်းက ဘယ်လိုခံယူလဲ ကျော်ဇင်"

ကျော်ဇင် ဘာမှပြန်မဖြေ။ ဗညားမှသာ

"မင်းမှတ်ထား ကျော်ဇင်၊ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ"

သစ်ရွက်ကြွေသံကအစ ကြားနေရသည်။ ဗညားမှသာဆက်၍

"အချစ်ကို ပိုင်ဆိုင်ရဖို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်၊ အသုံးပြုရမှာပဲ၊ အဓိက ကညာကိုရဖို့ပေါ့"

ဗညားစကားကြောင့် ကျော်ဇင် အံ့အားသင့်သွားသည်။

"ဘာ ဘာ မင်းဘာပြောလိုက်တယ်၊ အချစ်ကိုရဖို့၊ ကညာကိုရဖို့ ဟုတ်လား"

"ဟုတ်တယ်"

ကျော်ဇင် အံ့အားသင့်စွာ ဗညားကိုကြောင်ငေးကြည့်နေမိသည်။ ဗညားက ကျော်ဇင့်ကိုစိုက်ကြည့်ကာ

"မှန်ကန်တဲ့လမ်းကို မေပျိုက ပြခဲ့တာ"

"ဟင်"

ဗညား သက်ပြင်းချရင်း၊

"ဒီကိစ္စကလည်း ငါ့ကြောင့်တစ်ခုတည်း မဟုတ်ဘူးကျော်ဇင်"





ကျော်ဇင် ဘာမှမပြောနိုင်။ ပတ်ဝန်းကျင်လိုပင် တိတ်ဆိတ်နေသည်။

"မေပျိုအကုန်သိနေတယ်"

"ဟင်"

× × ×



www.burmeseclassic.com

www.burmeseclassic.com





ကွင်းပြင်ကြီးက မြက်ခင်းညီညီ ညာညာကြောင့် စိမ်းစိုနေသည်။ ထိုမြက်ခင်းပြင်အလယ်မှာမှ ကောင်းကင်ကို ငေးကြည့်နေသောကောင်မလေး တစ်ယောက်။ နှင်းမှုံများကြောင့် မသဲကွဲ။

ဗညား ဝမ်းသာသွားသည်။ ဒီနေရာက ကညာနှင့်မြတ်တို့ လာနေကျနေရာကိုး။ ယခု ကညာတစ်ယောက်တည်းဆိုတော့၊





ဗညား ခြေလှမ်းသွက်သွက်လှမ်းလိုက်သည်။ အနားရောက်မှ ကြည့်လိုက်တော့

"မေချို"

ဒီနေရာမှာ မေချိုကို တစ်ယောက်တည်းမြင်လိုက်တော့ ဗညား အံ့အားသင့်သွားသည်။ နောက် အထစ်ထစ်အငေါ့ငေါ့နှင့်

"မေ မေချို နင် နင် ဒီကို ဘယ်လိုရောက်လာတာလဲဟင်၊ ဘယ် ဘယ်သူပြောလိုက်တာလဲ"

သူ့စကားကို မေချိုက အူကြောင်ကြောင်နှင့် ပတ်ဝန်းကျင် ငေးကြည့်ပြီး

"ဟင် ဘာဖြစ်လို့လဲ၊ ဒီနေရာက ဘာနေရာမို့လဲ"

မေချို၏အပြုအမူကိုကြည့်ပြီး ဗညားလည်းခေါင်းတုတ်တာ

"ကြော် အတဲ ဘာမှမဟုတ်ပါဘူး။ ကိုလေ တွေ့နေကျနေရာမှာ မဟုတ်ဘဲ ဒီလိုနေရာမျိုးမှာ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့လို့ အံ့အားသင့်နေတာပါ"

မေချို အူကြောင်ကြောင်နှင့် ငေးကြည့်ပြန်သည်။

"ဒါနဲ့ ဗညားတရော ဒီကို ဘာလာလုပ်တာလဲ၊ ဘယ်သူ့ကို လာရှာတာလဲ"

"ဘယ်သူ့မှ မရှာပါဘူး။ ဒီလိုပဲ ဗျင်းလို့ထွက်လာရင်းနဲ့ ရောက်လာတာပါ။ အတဲ"

"ကြော်"

သူမ ဘာမှဆက်မမေးတော့။ ဗညားကသာ

"ဒါနဲ့ ကညာတို့မပါဘူးလား၊ တွေ့ရောတွေ့ဖြစ်သေးလား"

မေပျို မျက်မှောင်ကြုတ်ရင်း

"ပါဘူးလေ၊ နောက်ပြီး အဆက်အသွယ်မှ သိပ်မရှိတာ ဗညားတို့နဲ့ရော တွေ့ဖြစ်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မတွေ့ဖြစ်ပါဘူး၊ ဘယ်ရွာရမှန်းမှမသိတာ"

"ဟင်း ဟင်း"

သူမ တိုးညှင်းစွာရယ်သည်။ လှောင်ရယ်တာလား။ သူ့စကားကိုက ရယ်စရာဖြစ်နေတာလားမသိ။ အလို လိုနေရင်း ဗညားအနေရ ခက်နေသည်။ ထို့ကြောင့် စကားမရှိ စကားရှာရင်း၊

"ဒါနဲ့ မေပျို၊ ပြီးခဲ့တဲ့လေးနှစ်လောက်ပျောက်နေတာ မေပျို ဘာတွေလုပ်နေလဲ"

သူမစဉ်းစားဟန်နှင့်၊

"တရားစခန်း ဝင်နေတာလေ"

"ဩော်"

"ကြားထဲမှာ သီလရှင်က တစ်နှစ်ဝတ်လိုက်သေးတယ်၊ ဟင်း ဟင်း"

သူမဘာသာပြောပြီး ရယ်နေသေး၏၊ သူမ၏စကားက ဟုတ်သည်လား မဟုတ်သည်လား မဝေခွဲနိုင်၊

"ဆန်တောင်းလေး ခေါင်းရွက်ပြီး ဟိုးအဝေးကြီး အဝေးကြီး လျှောက်သွားရတာ၊ အရွယ်တူ သီလရှင်တွေရော၊ သီလရှင်ပုစိ ပုစိလေးတွေရော ပျော်စရာကြီး ဟင်းဟင်း"

ဒီလို လျှောက်သွားနေတာက

**ဗညားကတော့ သူမျှော်လင့်သူ မဟုတ်၍ အနည်းငယ် နှုတ်ဆွံ့နေသည်၊**





လည်း သူမ၏အလုပ်ပဲလား မသိ။

"ဗညားကရော"

မသိ၍မေးတာလား၊ သိသိကြီးနှင့်မေးနေတာလား မသိ၊ ဖြေရမှာက တာဝန်ပင်။

"စတိုးဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်လေ၊ ဘန်ကောက်က ပစ္စည်းတွေဝယ်ပြီး ဒီမှာပြန်ရောင်းတာ"

သူမသရော်ဟန်နှင့် မဲ့ပြုံသည်။ ပြီးမှ

"အံမာ စတိုးဆိုင်လေးက ဘန်ကောက်ကတောင် ပစ္စည်းဝယ်ရလား ဟင်းဟင်း"

သူမရယ်နေပြန်သည်။ ဒီလိုစိတ်လိုလက်ရရှိတော့လည်း ကြည့်အကောင်းသား။ နှစ်ယောက်သား တိတ်ဆိတ်သွားပြန်သည်။ ပြောစရာစကားမရှိတော့။ ပတ်ဝန်းကျင်က အေးနေသည်။

သူမကတော့ ကောင်းကင်တွင်ပေါ်လာမည့် တိမ်အရုပ်တစ်ခုခုကို မျှော်ငေးနေပုံရသည်။ ဗညားကတော့ သူမျှော်လင့်သူမဟုတ်၍ အနည်းငယ်နှုတ်ဆွံ့နေသည်။ သူမနားမှာ ထိုင်နေရတာကိုကလည်း ကျောချမ်းလာသလိုလို။ အတန်ကြာမှ ဗညားက

"မေပျို"

သူမငဲ့ကြည့်သည်။ ပြီးနောက် ထုံးစံအတိုင်း ကောင်းကင်ကိုပြန်ငေးနေပြန်သည်။

"ကျွန်တော် ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

ဗညားထရပ်လိုက်သည်။ မိန်းကလေးသူငယ်ချင်းတစ်ယောက်တည်းကိုလည်း မထားခဲ့ချင်။ သို့သော် သူမအနားတွင်လည်း ကြာကြာမနေရဲ၍ ထိုသို့သာ ဆုံးဖြတ်လိုက်ရခြင်းဖြစ်၏။

ခြေလှမ်းစပြီး တစ်လှမ်းနှစ်လှမ်းအရောက်



www.burmeseclassic.com

www.burmeseclassic.com



"ဇညား"

သူ့ခြေလှမ်းတ ညှို့ငင်ခြင်းခံရသူလို ရပ်တန့်သွား၏။ သူမကတော့ လုံးဝလှည့်မကြည့်ဘဲ ကောင်းကင်ကိုသာ ငေးနေသည်။

"ပုံပြင်တစ်ခုပြောပြမယ်"

ဇညား၏ခန္ဓာကိုယ်ပင် မလှုပ်ရှားတော့။

"တစ်ခါက အင်မတန်ချောမောတဲ့ မင်းသမီးတစ်ပါးရှိသတဲ့၊ သူမဟာ သူမတူအောင် ချောမောလှပလွန်းလို့ လိုချင်သူတွေလည်း များပြားတာပေါ့၊ ယောကျ်ားတွေအားလုံးဟာ မင်းသမီးလေးကို အရူးအမူး ဖြစ်ကြတယ်လေ"

ဇညား ငြိမ်သက်စွာ နားစွင့်နေမိသည်။

"တစ်နေ့ကျတော့ မင်းသမီးလေးဟာ သတင်းတစ်ခုကို ကြေငြာတယ်၊ အဲဒါကတော့၊ သူ့အတွက် ဘယ်သူက အသက်ပေးချစ်ဝံ့သလဲပေါ့"

သူမ ဇညားဖက်လှည့်လာ၏။ ဇညားက သူမကိုကြည့်ရဲဘဲ ခေါင်းငုံ့ထားမိသည်။

"အဲဒီမှာ မင်းသမီးကို အရူးအမူးချစ်ကြတဲ့ ယောကျ်ားတွေဟာ မင်းသမီးအတွက် အသက်ကိုစတေး သေဖွဲ့ဝင်လိုက်ကြသတဲ့၊ ဘယ်လောက်ထိလဲဆို ကမ္ဘာလောကမှာ အဲဒီသတင်းကိုမကြားမိတဲ့ ယောကျ်ားတစ်ယောက်ပဲ ကျန်ရစ်ခဲ့သတဲ့"

စကားစကိုဖြတ်ပြီး မေပျို့က ဇညားကိုစိုက်ကြည့်နေသည်။ ဇညားကတော့ ဘာကြောင့်ရယ်မသိ၊ တုန်တုန်ယင်ယင်နှင့် မြေပြင်ကို ငုံ့ကြည့်နေမိသည်။

"မေးခွန်းက လွယ်လွယ်လေးပါ၊ သိပ်ချောမောလှပတဲ့ မင်းသမီးကို ဘယ်သူရမယ်လို့ထင်လဲ"

ဇညားဘာမှပြန်မဖြေနိုင်။ မေပျို့ကသာ



"ရှင်းရှင်းလေးပါ ဇညား၊ အသက်ပေးချစ်တဲ့သူက ဘယ်တော့မှ အချစ်ကိုမရနိုင်ပါဘူး၊ ရယူပိုင်ဆိုင်မှုကသာ အချစ်ပါ"

ဇညား မေပျို့ကို မော့ကြည့်မိသည်။ သူနှင့်မနီးမဝေးမှာ ဖြူဖျော့ဖျော့ကောင်မလေး။

"စွန့်လွှတ်တယ်၊ အနစ်နာခံတယ်ဆိုတဲ့ အလုပ်တွေလုပ်ပြီးမှ အချစ်ကိုရယူရမယ်ဆိုတာ သဘာဝကျပါ့မလားဇညား၊ ဘယ်လောက်ပဲ စွန့်လွှတ် ဘယ်လောက်ပဲ အနစ်နာခံခံ၊ ပိုင်ဆိုင်သူကသာ အချစ်ကို ရသွားကြတာချည်းပါပဲ"

ဇညား၏မျက်လုံးများ မျှော်လင့်ချက်များနှင့် တောက်ပြောင်လာ၏။

"ရယူပိုင်ဆိုင်နိုင်အောင်သာ လုပ်ပါဇညား"

သူမ၏ခြေသံဖွဖွကို ကြားလိုက်ရသည်။ ကောင်းကင်အပြာရောင်က သူမနောက်သို့ လိုက်သွားသယောင်။

× × ×

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





“ဒါ ဒါဆို မင်း ကညာကို အလွယ်တကူရဖို့ ငါတို့အစီအစဉ်တွေကို မင်းက မေပျို့ကို ပြောပြလိုက်တာပေါ့ ဟုတ်လားဗညား”

ဗညား ခေါင်းခါသည်။

“ငါ မပြောပြခဲ့ဘူး”

“ဒါ ဒါဆို”

“ငါ့ဖဲချပ်ကိုပဲ ပြလိုက်တာ”

“ဘာ”

× × ×

မိုး : မိုး : ၈၁၆၀





ထိုနေ့မှစ၍ ကညာ့ကို မတွေ့ရတော့။

သို့သော်. .


× × ×

မိုး : မိုး : ၈၁၆

www.burmeseclassic.com

www.burmeseclassic.com





ပျောက်သောသူ ရှာရင်တွေ့ ဟူသောစကား တကယ်မှန်ခဲ့လျှင် သတင်းစာဂျာနယ်များ၌ လူပျောက်ကြော်ငြာ တွေ့ရလိမ့်မည်မဟုတ်။

တကယ်တော့ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးလည်း မဟုတ်ပါ။ ထို့ကြောင့် လူတစ်ယောက်ဆိုသည်မှာ ကမ္ဘာကြီးအတွက် အပ်တစ်စင်းမျှသာ အရွယ်အစားရှိပါသည်။ ထိုအပ်တစ်



စင်းကို သင် မည်သို့ရှာဖွေမည်နည်း။

သို့သော်. .

ကံကြမ္မာက မျက်နှာသာပေးလျှင်တော့။

စားပွဲခုံနံပါတ်ငါးတွင် လူလေးယောက် ကော်ဖီငါးခွက်နှင့် ထိုင်နေကြသည်။

လူလေးယောက်အတွက် ကော်ဖီလေးခွက်သာ လိုအပ်သော်လည်း ပိုသောတစ်ခွက်မှာ ပျောက်သောသူရောက်လာလို ရောက်လာငြား မျှော်လင့်ချက်နှင့် နေ့စဉ်ထားပေးခြင်း ဖြစ်ပါသည်။

သို့သော်. .

နေ့စဉ်နေ့တိုင်း သူတို့ချပေးထားသော ကော်ဖီခွက်မှာ အေးစက်ကျန်ရစ်ခဲ့မြဲ။ သူတို့မျှော်လင့်သူက ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့ပေပြီ။

တွေ့ချင်ပါလျက် မတွေ့နိုင်သောဘဝက ဆိုးလွန်းလှပါသည်။ သတိရခြင်းဆိုသည်မှာ လူတိုင်းရင်ကို လှိုက်တတ်စေသောအမျိုးကို။ ကြာတော့လည်း မမြိုသိပ်နိုင်တော့။ ထို့ကြောင့်၊

"မေပျို"

ကျော်ဇင်၏ခေါ်သံ။ အားလုံး မေပျို့ကို ငေးကြည့်နေကြသည်။ ကျော်ဇင် သတ်ပြင်းချသည်။

"ငါ မေးခွန်းတစ်ခုမေးရင် စိတ်ဆိုးမှာလား"

မေပျိုက ငေ့ကြည့်သည်။ ပြီးမှ

"တညာ ဘယ်မှာလဲဆိုတာလား"

ကျော်ဇင်က ရှက်တိုးရှတ်တန်းနှင့် ခေါင်းညိတ်သည်။ မေပျိုကပြုံးလိုက်ပြီး

"ဘာလို့ ငါ့ကို လာမေးနေတာလဲဟင်"

"ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"မြတ်က မပြောပြဘူးလား"

သူ့စကားကြောင့် မြတ်မျက်နှာ အကြီးအကျယ် ပျက်သွားသည်။ နောက် ခေါင်းကို ခပ်သွက်သွက်ယမ်းပြီး

"ဟင့်အင်း ဟင့်အင်း ငါမသိဘူး၊ ကညာ ငါ့ကို ဘာမှပြောမသွားဘူး၊ အဲဒီနေ့ကတည်းက ငါနဲ့လည်း မတွေ့တော့ဘူး"

မြတ်က အကြောက်အကန်ငြင်းသည်။ မေဖျိုက ခေါင်းကို ဖြည်းညင်းစွာညိတ်ပြီး

"ယုံပါတယ်"

စကားသံတို့ ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ ကိုယ်စီ ကော်ဖီခွက်ကို ဇိမ်ခံ၍ သောက်နေကြပြန်သည်။ အေးစိမ့်စိမ့်အခန်းလေးက သူတို့ကို ပို၍ အေးစက်စေသယောင်။ မြတ်တစ်ယောက်သာ မျက်နှာအပျက်ပျက်အယွင်းယွင်းနှင့် ဇောချွေးတွေ စိမ့်ထွက်နေသည်။ သူ့ကိုကြည့်၍ ဗညားက

"ကညာ ဘယ်မှာလဲမြတ်"

ထိုအမေးစကားကြားသည်နှင့် မြတ် တုန်တက်သွားသည်။ ထို့နောက်

"ငါ ငါ မသိဘူးဆိုနေ၊ ငါမသိဘူး၊ ဟို ဟိုလေ ငါပြန်တော့မယ်"

ဆိုကာ ကမန်းကတန်း ထထွက်သွားသည်။ ကျော်ဇင်နှင့် ဗညားက မြတ်ဖြစ်နေပုံကို အံ့အားသင့်နေကြသည်။ မြတ် ကော်ဖီဆိုင်တံခါးဝရောက်မှ

"မြတ်"

မေဖျို၏ခေါ်သံ။ မြတ်ခြေလှမ်းတို့ တုန်ယင်စွာနဲ့ ရပ်တန့်သွားသည်။

"နင်ပြေးလို့မလွတ်ပါဘူးမြတ်"





မေဖျို၏စကားသံတိုးတိုး။ တုန်ယင်နေသောမြတ် ခွေယိုင်လဲမတတ်။ ဟိုနှစ်ယောက်က အဖြစ်အပျက်ကို အံ့အားသင့်စွာငေးကြည့်နေသည်။ သူတို့ မေဖျိုကို ဘာကြောင့် ဒီလောက်ကြောက်နေကြသည်ကို မဝေခွဲနိုင်။ အတန်ကြာမှ မြတ် ယိုင်တိုင်တိုင်ခြေလှမ်းနှင့် ကော်ဖီဆိုင်က ထွက်သွားသည်ကို တွေ့ရသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





စားပွဲခုံနံပါတ်ငါးတွင် ကော်ဖီ ငါးခွက်နှင့် လူသုံးယောက်။ ကော်ဖီ တစ်ခွက်က အေးစက်နေပြီဖြစ်သော် လည်း လုံးဝမသောက်ရသေး။ တစ်ခွက် ကတော့ သောက်လက်စတန်းလန်းနှင့် ပိုင်ရှင်မဲ့နေသည်။

စားပွဲခုံနံပါတ်ငါးတွင် ယောက်ျား လေးနှစ်ဦးနှင့် မိန်းမပျိုတစ်ဦး။ စကား သံတို့ တိတ်ဆိတ်ဆဲ။





ယောက်ျားပျိုတို့၏ မျက်နှာတွင် စိတ်ရှုပ်နေပုံတချို့တွေ့ရသော်လည်း မိန်းမပျို၏မျက်နှာမှာ ခန့်မှန်းရခက်အောင် အေးချမ်းနေသည်။

"မေပျို"

ကျော်ဇင်၏ခေါ်သံ။

"သူတို့ နှင့်ကို ဘာကြောင့်ကြောက်နေရတာလဲ မေပျို"

မေပျို၏နှုတ်ခမ်းနားရောက်နေသော ကော်ဖီခွက် ရပ်တန့်သွား၏။ နောက် ဘာမှမဖြစ်သလို ကော်ဖီခွက်ကို ဆက်ပြီးမော့သောက်လိုက်သည်။ ဘာမှပြန်ပြောသံမကြားရ။ ကျော်ဇင် စိတ်ရှုပ်ထွေးဟန်နှင့် ခေါင်းကိုဖွပစ်လိုက်သည်။ သူ့ပုံစံက စိတ်ရှုပ်ထွေးခြင်းမှ ဒေါသဖက်ယိမ်းယိုင်နေသလို။

"မေပျို"

ဗညားခေါ်သံ။

"နင် ဟိုတစ်နေ့ကပြောတဲ့ တောကြောင်၊ မြေခွေးနဲ့ကျားပုံပြင်က ရည်ရွယ်ချက်က ဘာလဲ"

မေပျိုပြုံးသွားသည်။ သူမပြုံးနေကျအပြုံး။

"ရည်ရွယ်ချက်မဟုတ်ဘူးဗညား၊ သင်ခန်းစာပါ"

ကျော်ဇင်နှင့်ဗညား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက် ဗညားမှပင်

"သင်ခန်းစာက"

မေပျို တိုးတိုးဖွဖွရယ်သည်။

"ယုံကြည်မှုမရှိနိုင်ဘဲ တစ်ကောင်အမြီးတစ်ကောင် မချည်နဲ့ဆိုတာပါပဲ"

"ဘာ"

မေပျိုစကားကြားတော့ ကျော်ဇင် ဝုန်းခနဲ ထရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏မျက်နှာတွင်လည်း ဒေါသ ခိုးတို့ဝေနေသည်။ နောက် မေပျိုကို လက်ညှိုးထိုးရင်း

"ငါတို့က အမြိုးချင်းချည်ထားတာ မဟုတ်ဘူးမေပျို၊ သံယောဇဉ်ချင်း ချည်ထားကြတာ၊ ငါတို့ရဲ့သံယောဇဉ်ကို နင် အကြိမ်ကြိမ် ဝင်ဖျက်နေတာ မေပျို"

သူမ ဘာမှပြန်မပြောဘဲ ကော်ဖီခွက်ကိုသာ ဇိမ်ခံသောက်နေသည်။ ကျော်ဇင်က ဒေါသတကြီးဖြင့်၊

"တစ်ခါကလည်း နင် ကညာ့ကို ငါတို့ဆီက ဖျောက်ပစ်ခဲ့ပြီမေပျို၊ အခု တစ်ခါလဲ"

"ငါဖျောက်ခဲ့တာ မဟုတ်ဘူး ကျော်ဇင်၊ သူ့ဘာသာသူ ခြေရာဖျောက်ခဲ့တာ"

"ဟားဟားဟား"

ကျော်ဇင်က သရော်ဟန်နှင့် ရယ်သည်။

"နင်ဖျောက်ခဲ့တာ မဟုတ်ဘူး၊ ဟုတ်လားမေပျို၊ ကစားပွဲတိုင်းမှာ နင်ပဲ အနိုင်ရခဲ့တာ၊ ကစားပွဲပြီးတိုင်း ကညာ ပျောက်ပျောက်သွားခဲ့တာ နင်ကြိုတင် ကြံစည်ခဲ့တာ မဟုတ်လား မေပျို"

ကျော်ဇင့်စကားကြောင့် နဘေး

"တစ်ခါကလည်း နင် ကညာ့ကို ငါတို့ ဆီက ဖျောက်ပစ် ခဲ့ပြီ မေပျို၊ အခုတစ်ခါလည်း"





နားတွင် နားထောင်နေသော ဗညားပင် မျက်နှာပျက်သွား၏။ မေပျိုကတော့ ခပ်တည်တည်ပင်၊

"ကစားပွဲတစ်ခုမှာ ကြိုတင်ကြံစည်ခြင်းဆိုတာ ကံတရားပဲ ကျော်ဇင်၊ အနိုင်ရအောင် ငါ ကြိုတင်ကြံစည်ခဲ့တာ မှန်ကောင်းမှန် လိမ့်မယ်"

မေပျိုက စကားစဖြတ်လိုက်သေးသည်။ နောက်မှ

"အဲဒီကစားပွဲကို အစပြုခဲ့တာ ငါမဟုတ်ဘူး"

နှစ်ဦးသား ဘာမှမပြောနိုင်တော့။ ထိုစကားတွင် အမှန်တရားအပြည့် ပါဝင်နေသည်ပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ထိုနေ့မှစ၍ ကော်ဖီဆိုင်လေး၏ စားပွဲခုံနံပါတ်ငါးတွင် ခုံငါးခုံနှင့် ကော်ဖီခွက်ငါးခွက် ချထားသော်လည်း ကော်ဖီနှစ်ခွက်မှာ သောက်သုံးသူ မဲ့ခဲ့ရလေသည်။ သူတို့ ဘယ်အချိန် ပြန်ပေါ်လာမည်ကို တစ်ယောက်သောသူနှင့် ကာယကံရှင်နှစ်ဦးမှလွဲ၍ မည်သူမှ သိနိုင်မည်မထင်။

× × ×







ကလေးငယ်များ တူတူပုန်းတမ်း ကစားသည့်အခါ လိုက်သူက ပြေးသူကိုမမြင်၊ သို့သော် ရဲဝံ့စွာ ရှာဖွေတတ်ကြသည်၊

ပြေးသူက လိုက်သူကိုမြင်၏၊ သို့သော် သူ့ကိုမမြင်အောင် ပုန်းကွယ်နေရလေသည်၊

ချစ်သူက မိမိကို လိုက်လံရှာဖွေနေစဉ်ဝယ် မမြင်အောင် ပုန်းကွယ်နေရသည်ကိုက ပျော်စရာကောင်းပေသည်၊

အကယ်၍ မုန်းသူက လိုက်ရှာနေချိန်၌ ပုန်းကွယ်နေသူသည် မိမိအား တွေ့ရှိသွားမည်ကိုပင် မုန်းတီးနေတတ်သည်၊

× × ×



www.burmeseclassic.com



ဆုံနေကျ ကွင်းပြင်ကြီးအလယ်တွင် ကျော်ဇင်နှင့်ဗညား ထိုင်ပြီး ကောင်းကင်ကို ငေးကြည့်နေကြသည်။ ကောင်းကင်ပြာပြာတွင် လှိုက်တက်နေသော တိမ်လိပ်များကို စိတ်လိုလက်ရ ငေးကြည့်နေမိကြသည်။

"ငါတော့ ဘယ်လိုမှ ခန့်မှန်းမရတော့ဘူး ဗညား"

ကျော်ဇင်က စကားစသည်။





ဗညားက သက်ပြင်းချရင်း၊

"အေးကွာ၊ ညီအစ်မအချင်းချင်းကို ဘာကြောင့် ဒီလောက် တောင်ပြိုင်ဆိုင်ချင်နေကြတာလဲ မသိဘူး"

ကျော်ဇင်က လှည့်ကြည့်သည်။

"သူတို့နှစ်ယောက်မှာ ဘယ်သူက မွေးစားသမီးထင်လဲ"

ဗညား မျက်မှောင်ကြုတ်သွားသည်။

"အင်း ငါ့အထင်ပြောရရင် မေပျိုလို့ ထင်တာပဲ၊ တို့တွေ Killer ကစားတဲ့နေ့က ကညာပြောသွားတာ ကြည့်ပါလား"

ကျော်ဇင် ခေါင်းညိတ်သည်။

"ဒါပေမယ့် ကညာကဘာလို့ မေပျိုကို ကြောက်နေရတာလဲ၊ မြတ်ကရော"

ဗညား ခေါင်းမော့လိုက်သည်။

"အဲဒါလည်း စဉ်းစားစရာပဲ၊ မြတ်က သူတို့အဖေရဲ့လူယုံဆိုတော့ လျှော့တွက်လို့တော့ မရဘူးနော်၊ သူလည်း ဉာဏ်ကြီးရှင်ပဲ"

"ဟုတ်တယ်"

"မြတ်က ကညာဖက်ကလား၊ မေပျိုဖက်ကလား၊ ဒါမှမဟုတ် သူတို့တွေအဖေရဲ့ လူယုံသက်သက်ပဲလား ဆိုတာ ပြောရခက်တယ်"

ကျော်ဇင်ခေါင်းညိတ်သည်။ မိန်းမသုံးဦးတည်းကိစ္စကို သူတို့ဘယ်လိုမှ မခန့်မှန်းနိုင် မခန့်မှန်းတတ်။ ဗညားက သက်ပြင်းချရင်း၊

"ဒီတစ်ခါလည်း တစ်ခါတုန်းကလို ကညာ ပြန်ပေါ်လာဦးမယ်လို့ထင်လား ကျော်ဇင်"

ကျော်ဇင်က အဝေးသို့ငေးရင်း၊

"ငါတော့ အဲဒီလိုပဲ ယူဆတယ်ဗညား၊ ကညာက မေပျိုနဲ့က ဘယ်မှသွားမှာမဟုတ်ဘူး၊ သွားရင်လည်း ကညာသွားတဲ့နေရာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မေပျို သိကိုသိနေမှာပဲ”

ဗညား ကျော်ဇင့်ကို ငေ့ကြည့်သည်။ ပြီးနောက် အဝေးသို့ ငေးရီရင်း

“တစ်ခါတလေလည်း ငါစဉ်းစားမိတယ် ကျော်ဇင်”

လေက ခပ်ဖြည်းဖြည်းလေး တိုက်ခတ်လာသည်။

“သူတို့တွေ ငါတို့ကိုပဲ လှည့်စားနေကြတာလားလို့”

ပတ်ဝန်းကျင်ပါ တိတ်ဆိတ်သွား၏။ အတန်ကြာမှ

“ဒါလဲဖြစ်နိုင်တာပဲလေ”

× × ×







“ဟာ”

ကော်ဖီဆိုင်ထဲ သူတို့နှစ်ယောက် လှမ်းဝင်လိုက်သည်နှင့် အံ့အားသင့်ဖွယ်မြင်ကွင်းကို မြင်ရခြင်းပင်။

တစ်ခါမှ ကြိုမရောက်ဘူးသော မေပျို ကော်ဖီဆိုင်သို့ ကြိုရောက်နေခြင်းပင်။

ပို၍ အံ့အားသင့်ရသည်က စားပွဲခုံနံပါတ်ငါးတွင် ကော်ဖီငါးခွက်ချ



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းပင်။ ပို၍ ထူးခြားသည်က သူတို့သောက်ရန်ခွက် နှစ်ခွက်က ပူပူနွေးနွေး ရှိနေခြင်းပင် ဖြစ်တော့သည်။

နှစ်ယောက်လုံး စားပွဲခုံတွင် ဝင်ထိုင်လိုက်သည်။

"ရောက်နေတာကြာပြီလားမေပျို"

မေပျိုက ကော်ဖီခွက်ကိုကိုင်ခေါင်းညိတ်ရင်း၊

"အင်း စောစောကပဲ ဆိုပါတော့"

"ဒီကော်ဖီနှစ်ခွက်က အခုမှ မှာလိုက်တာလား"

ဗညား၏အမေး။ ဒါကို မေပျိုက မဖြေဘဲ ကော်ဖီဖျော်သော ကိုဒီးက

"ဟုတ်တယ်အစ်ကိုတို့ရေ၊ အခုလေးတင် အစ်မလေးက ကော်ဖီနှစ်ခွက် ထပ်ဖျော်ခိုင်းလို့ ဖျော်ပြီး ကျွန်တော်ချပေးရုံရှိသေးတာ၊ အစ်ကိုတို့ရောက်လာတော့တာပဲ"

ဗညားနှင့်ကျော်ဇင်က မေပျိုကို အံ့အားသင့်စွာကြည့်ကြသည်။

"ကျွန်တော်ကတောင် ပြောသေးတယ်၊ လူအရှင်လတ်လတ်မြင်မှ ဖျော်လည်းရပါတယ်၊ တော်ကြာ ဖျော်ပြီးမှ ရောက်မလာရင် နှမြောစရာဆိုတာကို စကားမရှည်နဲ့ ဖျော်သာဖျော်ဆိုလို့ မချင့်မရဲနဲ့ ဖျော်လိုက်ရတာ၊ အခုတော့ ဟီဟိ ကွက်တိပါပဲလား"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ပြီးနောက် မယုံသင်္ကာနှင့် ကော်ဖီခွက်ကို မော့သောက်လိုက်ကြသည်။

"ဟား"

ဟုတ်ပါသည်။ ကော်ဖီကပူဆူနေတုန်း။

ကျော်ဇင်က အံ့အားသင့်စွာဖြင့်၊

"မေ မေပျို၊ ငါတို့ ဒီအချိန်ရောက်မယ်ဆိုတာ နင်ကြိုသိနေ





လား"

မေပျိုက မျက်မှောင်ကြုတ်ရင်း၊

"ဟင့်အင်း ကြိုမသိပါဘူး"

"ဒါဆို"

"တိုက်ဆိုင်သွားတာပါ"

နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်ကြသည်။ နောက် ဗညားက

"မဟုတ်သေးဘူး မေပျို၊ နင် ခန့်မှန်းလိုက်တိုင်း ထူးဆန်းစွာ တိုက်ဆိုင်နေတာက အံ့အားသင့်စရာပဲ၊ ဘာကြောင့်များလဲမေပျို"

"နင်ခန့်မှန်းလိုက်တိုင်း ထူးဆန်းစွာ တိုက်ဆိုင်နေတာက အံ့အားသင့်စရာပဲ ဘာကြောင့်များလဲ မေပျို"

မေပျို ပြုံးသွားသည်။ ခန့်မှန်းရခက်သောအပြုံး။ နောက် သူမမှပင်

"ဒီမှာလာကြည့်၊ ဟောဒီတည့်တည့်မှာ မှန်တစ်ချပ်ရှိတယ်"

သူညွှန်ပြရာ ကြည့်လိုက်တော့ သူ့မျက်နှာရှေ့တည့်တည့် ဆိုင်နံရံတွင် တရုတ်လူမျိုးများ ဖုန်းရှေနည်းဖြင့် တန်ပြန်သက်ရောက်စေသော မှန်ဝိုင်းလေး တစ်ချပ်ကို တွေ့ရသည်။

"အဲဒါဘာဖြစ်လို့လဲ"

ဗညားကမေးသည်။ သူမက ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကတစ်ဆင့်ကြည့်ရင် လမ်းမဘက်ကိုလှည့်ထောင်ထားတဲ့ မှန်ကြီးတစ်ချပ်ကို တွေ့ရတယ်၊ အဲဒီမှန်ကြီးကမှတစ်ဆင့် လမ်းဟိုဘက်ဆိုင်က လမ်းမကြီးတစ်ခုလုံးမြင်ရတဲ့ မှန်တစ်ချပ်ကိုကြည့်လို့ရတယ်၊ ဒီမှန်သုံးချပ်လုံးဟာ တန်ပြန်သက်ရောက်နေတဲ့အတွက် အသေအချာကြည့်ရင် နင်တို့လမ်းမကနေ လမ်းလျှောက်လာတာကို မှန်ဝိုင်းအသေးလေးမှာ လာပေါ်နေတယ်၊ ဒါကြောင့် နင်တို့မရောက်ခင် ကော်ဖီကို ကြိုမှာထားပေးလို့ရတာပေါ့"

"ဪ"

သူမပြောတော့လည်း အရှင်းသား။ မှန်များ တန်ပြန်သက်ရောက်နေသည့်အတွက် လမ်းမပေါ်ဖြစ်ပျက်သမျှအားလုံးကို အတိုင်းသားမြင်နေရသည်ပဲ။

"ဒါနဲ့ နေပါဦး၊ ဒီကိစ္စကတော့ ထားပါတော့၊ အခြားကိစ္စတွေမှာ နင် ခန့်မှန်းတာတွေကျတော့ရော၊ ဘာကြောင့်မှန်တာလဲ"

"တစ်ခုပြောပြမယ်"

နှစ်ယောက်လုံး စိတ်ဝင်စားသွားသည်။

"ဗေဒင်ဆရာပဲ ဆိုပါတော့၊ ဗေဒင်ဆရာတွေရဲ့ဗေဒင် ဘာကြောင့်မှန်လဲသိလား"

"သူတို့တော်လို့ပေါ့"

မေပျိုရယ်ပါသည်။ ပြီးမှ

"ဟုတ်တယ်၊ သူတို့တော်လို့ပါပဲ၊ သူတို့က ဘာတော်သလဲသိလား"

နှစ်ယောက်သား ခေါင်းခါကြသည်။

"ဆိုပါတော့၊ ကျော်ဇင်က နင်တို့နှစ်ယောက်က ကံဆိုးနေလို့ ဗေဒင်လာမေးတယ်ဆိုပါတော့"

"ဥပမာ ကျော်ဇင် နင့်ခြံထဲမှာ သရက်ပင်ရှိလား"





"ရှိတယ်၊ နင်ဘယ်လိုလုပ် သိလဲ"

"ရှိရင်ခုတ်လိုက်၊ အဲဒါက နင့်ကို ကံဆိုးစေတယ်၊ စံပယ်ပင်ရောရှိလား"

"မရှိဘူး"

"မရှိရင်စိုက်လိုက်၊ အဲဒါက နင့်အတွက်ကံကောင်းမယ်"

"တကယ်လား"

မေပျိုရယ်ပြန်ပါသည်။ ပြီးနောက် ဗညားဘက်လှည့်၍

"ဗညား နင့်ခြံထဲမှာရော သရက်ပင်ရှိလား"

"မရှိပါဘူး"

"မရှိရင်စိုက်လိုက်၊ နင့်ကို ကံကောင်းစေမယ်၊ စံပယ်ပင်ရော ရှိလား"

"ရှိတယ်"

"ရှိရင်ခုတ်လိုက်၊ ကံဆိုးတာတွေ ပျောက်လိမ့်မယ်၊ ဟင်း ဟင်း"

မေပျိုက သူ့ဘာသူပြောရင်း ရယ်နေသည်။ နှစ်ယောက်သားကသာ တစ်ယောက်မျက်နှာတစ်ယောက် ငေးကြည့်ကြသည်။

"ဟာ နင့်ဟာက ဘာကြီးလဲဟ"

နှစ်ယောက်သား မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြ၏၊ ပထမတစ်ကြိမ် တောင်ဆိုမှုကို သတိရပြီး



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲလေ၊ ဗေဒင်က ဘယ်တော့မှ မမှားဘူးဆိုတာ၊ မရှိရင် စိုက်၊ ရှိရင်ခုတ်၊ ဒါပဲ၊ ဗေဒင်ဆိုတာကလည်း လူတွေကိုခန့်မှန်းခြင်း တစ်မျိုးပဲလေ။ ဘယ်တော့မှ မသိခဲ့ဘူးတဲ့ လူတစ်ယောက်အကြောင်းကို ခန့်မှန်းရတာပါပဲ၊ ဒီတော့ အမြဲတမ်းမှန်ကန်တဲ့ ဘယ်တော့မှ မမှားတဲ့သီအိုရီကို ကိုင်ထားရတယ်"

မေပျို့က ပြောရင်း ပြုံးနေသည်။

"ဒါဖြင့် ကညာဘယ်မှာလဲမေပျို့"

ဗညားဓါ၏အမေး။ ပြုံးနေသောမေပျို့မျက်နှာ ချက်ချင်းတည်သွားသည်။ ကော်ဖီခွက်ကိုသာ ငေးစိုက်ကြည့်နေသည်။ စဉ်းစားနေပုံရ၏။ အတန်ကြာမှ

"တို့တွေကစားပွဲကို မှတ်မိလား"

နှစ်ယောက်သား ခေါင်းညိတ်သည်။ မေပျို့က ဆက်၍

"အနိုင်ရသူက စိတ်ကြိုက်တောင်းဆိုခွင့်ဆိုတာလေ"

နှစ်ယောက်သား ရင်တဒိတ်ဒိတ်ခုန်သွားသည်။ ကံဆိုးခြင်းများ စတင်လိုက်နိုင်ကြောင်း သိသည်။

"အခု ငါတောင်းဆိုမယ်"

နှစ်ယောက်သား မျက်စိပျက်မျက်နှာပျက် ဖြစ်နေကြ၏။ ပထမတစ်ကြိမ်တောင်းဆိုမှုကို သတိရပြီး ဇောချွေးများပင် ပျံလာကြသည်။ ပထမတစ်ကြိမ်တောင်းဆိုမှုကလည်း လေးနှစ်ခန့်ထွက်ပြေးခဲ့ရပြီမဟုတ်လား။ ထို့ကြောင့် ကံဆိုးစရာ စကားကိုသာ ငံ့လင့်နေမိသည်။

"ငါတို့ခရီးထွက်ရအောင်"

"ဘာ"

မထင်မှတ်သော တောင်းဆိုမှုကြောင့် အံ့အားသင့်သွားကြသည်။





"စိတ်ပြေလက်ပျောက်ပေါ့"

နှစ်ယောက်သား သူမကိုငေးကြည့်နေမိသည်။

"ဘယ် ဘယ်ကိုလဲဟင်"

ဗညားဓါ၏အမေး။ သူမက

"ချောင်းသာကို"

ကညာနှင့်မြတ်ကို သတိရမိကြသည်။ သို့သော်. .

× × ×



www.burmeseclassic.com

www.burmeseclassic.com





"သူ့ရဲ့တောင်းဆိုမှုက တစ်မျိုးကြီး ဖြစ်နေတယ်လို့ မင်းမထင်ဘူးလား ဗညား"

ဗညား ကျော်ဇင့်ကို ကြည့်သည်။ ပြီးနောက် ခေါင်းညိတ်ရင်း

"ငါတော့ မခန့်မှန်းတတ်ဘူး ကျော်ဇင်၊ ဒါပေမယ့် "

ကျော်ဇင်က ဗညားကိုကြည့်ရင်း

"မင်းနဲ့မေပျိုက ပါတနာတွေ





မဟုတ်လား၊ ဒီကိစ္စက"

ဗညား မျက်နှာပျက်သွားသည်။

"ငါ အဲဒီတစ်ခါပဲ ပတ်သက်မိတာ ကျော်ဇင်၊ ဒါကလည်း မင်းသိပါတယ်၊ ကညာကြောင့်ပဲဆိုတာ"

ကျော်ဇင် ခေါင်းမော့ရယ်မောလိုက်ပြီး

"မင်း ကညာကို ရလိုမှုတစ်ခုနဲ့ လုပ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် ဘာများရခဲ့လဲ ဗညား"

ဗညား ခေါင်းကုတ်လိုက်သည်။

"ရိုးရိုးသားသားပြောရရင် သူ့ရဲ့လှည့်ကွက်ထဲ ငါ ခဏ ရောက်သွားတာပါ။ ငါ မေပျိုရဲ့လူ မဟုတ်ဘူးဆိုတာတော့ ယုံကြည်ပေးပါ"

ကျော်ဇင် သက်ပြင်းချသည်။ နောက်မှ

"အခုကိစ္စမှာလည်း မေပျိုရဲ့ လှည့်ကွက်တစ်ခုဖြစ်နေရင် ဘယ်လိုလုပ်မလဲဗညား"

ဗညား ကောင်းကင်ကိုမော့ကြည့်ပြီး

"အေးလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ လှည့်ကွက်တစ်ခုဖြစ်ရင်တောင် တို့ဝင်တိုးရမှာပဲ၊ ဘာလို့လဲဆိုတော့ ကညာကိုပြန်တွေ့နိုင်တဲ့ နည်းက မေပျိုနဲ့ အနီးဆုံးနေရာ"

ဗညားက စကားစဖြတ်၍ ကျော်ဇင်ကို ဝေ့ကြည့်သည်။ နောက် လေးနက်ဟန်ဖြင့်

"ငါကတော့ ကညာကို ဆုံးရှုံးမခံနိုင်ဘူး ကျော်ဇင်"

ကျော်ဇင် ရယ်ပါသည်။

"မင်းနဲ့ငါက အနီးဆုံးရန်သူတွေ ဖြစ်နေပြီလားဗညား"

ဗညားကလည်း လိုက်ရယ်သည်။

"အနီးဆုံးရန်သူဖြစ်နေရင်တောင် တို့နှစ်ယောက် စစ်အေး

www.burmeseclassic.com



တိုက်ပွဲပဲ ဆင်နွဲကြတာပေါ့ကွာ၊ တစ်နေ့နေ့တော့ အနိုင်အရှုံးပေါ်လာမှာပါ”

“ဟုတ်တယ်”

နှစ်ယောက်လုံး ကိုယ်စီအတွေးနှင့် ခေါင်းတညိတ်ညိတ်ဖြစ်နေကြသည်။ ရာသီဥတုက ကြည်လင်ဆဲ။

× × ×





မိခင်နှင့်ကလေး ကစားပွဲတွင် ကလေးငယ်က အမြဲအနိုင်ရတတ်သည်၊ သို့သော် မိခင်က ကစားပွဲ၏အဖြေကို အမြဲတမ်း ကြိုသိနေတတ်သည်၊

ချစ်ခင်၍ ကစားသည့်ပွဲတွင် အင်အားကြီးသူက အမြဲရှုံး၍၊ မုန်း၍ကစားသောအခါ အင်အားကြီးသူကသာ အနိုင်ရလေ့ရှိသည်၊

× × ×

www.burmeseclassic.com

www.burmeseclassic.com





ကားကလေးက ရွာကြီး၊ မြို့ကြီးများကို ဖြတ်ကျော်ကာ တောင်တန်းများ ကာရံထားသည့်ကြား ကွေ့ဝိုက်သွားနေသည်။

ကားပေါ်မှာ ကားမောင်းသမားတစ်ဦးနှင့် သူတို့သုံးယောက်သာ။ ကျော်ဇင်နှင့် ဗညားကတော့ ကားစီးတာကြာလာသည်နှင့်အမျှ ငိုက်မျဉ်းလာကြသည်။ မေပျိုကတော့ အရာရာကို စူးစမ်း





ရင်းလိုက်ပါလာသည်။

ကားအနောက်ခန်းတွင်တော့ သူတို့အသုံးအဆောင်များနှင့်ဘာအတွက်ကြောင့်တင်လာမှန်းမသိသော သူမ၏ရေငုပ်ဝတ်စုံ၊ အထူးအဆန်းမို့ မေးကြည့်တော့၊

"ကားမောင်းတဲ့ဦးလေးက အရင်တုန်းက သင်္ဘောပျက်တွေကို ရေငုပ်ပြီးဆယ်တဲ့အလုပ် လုပ်ခဲ့ဖူးတယ်၊ ခုလည်း ကြုံတုန်းကြုံခိုက်ပင်လယ်မှာ ရေငုပ်ချင်လို့တဲ့၊ ဟိုရောက်ရင် မေပျိုလည်း ဗဟုသုတအနေနဲ့ ရေငုပ်ချင်ငုပ်ရမှာပေါ့"

တဲ့။ သူတို့လဲ ဆက်မမေးတော့။ ဖြစ်နိုင်ပါသည်။ အရာရာကိုစူးစမ်းတတ်သော သူမ အကျင့်ကြောင့် ပင်လယ်ခရီးကို ရေငုပ်ဝတ်စုံနှင့် သင့်တော်ပေလိမ့်မည်။

အမှန်တော့ ဤကဲ့သို့ခရီးမျိုး ငါးဦးလုံးစုံမှသာ ပျော်ပျော်ရွှင်ရွှင်သွားသင့်သည်ဟု ထင်မိကြသည်။ ယခုတော့ ကညာနှင့်မြတ်ပျောက်ချင်းမလှ ပျောက်ဆုံးနေ၍ သူတို့သုံးဦးတည်းသာ။

ပျော်စရာအကောင်းဆုံးဖန်တီးထားသော ပျင်းစရာအကောင်းဆုံးခရီးတစ်ခုပင်။

"ချောင်းသာရောက်ပြီ"

သူမ၏အသံ။ နှစ်ယောက်လုံး ခေါင်းထောင်ကြည့်မိကြသည်။ မှန်၏။ ချောင်းသာကမ်းခြေ၏ ဘန်ဂလိုများကိုပင် တွေ့နေရပြီပဲ။

"ဦးလေး ကမ်းခြေနဲ့အနီးဆုံး ဘန်ဂလိုကို ပို့ပေးပါ"

"ဟုတ်ကဲ့မမလေး"

ကားဆရာက သူမအား လွန်စွာရိုကျိုးဆက်ဆံပါသည်။

ကမ်းခြေနှင့်အနီးဆုံး ဘန်ဂလိုဆီ ကားလေးကွေ့ဝင်လိုက်သည်။ ကားကလေးကွေ့ဝင်တာမြင်သည်နှင့် ဧည့်ကြိုများ ပြေးထွက်လာသည်။ ကားတံခါးပြေးဖွင့်ကာ



www.burmeseclassic.com

"အခန်းများ ကြိုမှာထားသလားခင်ဗျာ"

မန်နေဂျာက သူမကိုမြင်သည်နှင့် ဦးညွှတ်ရင်း မေးသည်။

"မှာထားတယ်၊ အခန်းနံပါတ် ၁၃၊ ၁၄"

"ဟုတ်ကဲ့၊ အဲဒီအခန်းတွေဆို အဆင်သင့်ပြင်ထားပြီးပါပြီ"

သူမကတော့ ခပ်တည်တည်ပင်။ ဘာတစ်ခွန်းမှပြန်မပြော။

"ကမ်းခြေနဲ့အနီးဆုံးအခန်းတွေ ပြင်ဆင်ထားပါတယ်၊ ကြွပါခင်ဗျာ"

ဧည့်ကြိုလေးများက ပစ္စည်းများကို ကူသယ်ရင်း ရိုကျိုးစွာ ဆက်ဆံကြသည်။ ဤသည်ကိုကြည့်ရင်း သူမ၏ ကြို့တင်ကြံစည်မှုကို ကျော်ဇင်နှင့်ဗညား သိနှင့်နေကြသည်။ သူမ မည်မျှစေ့စပ်သည်ကို ကြည့်ရုံနှင့် သိနိုင်ပါသည်။

"အစ်မလေးက ဒီအခန်းပါခင်ဗျာ၊ အစ်ကိုတို့က ဟိုဖက်အခန်းပါ"

ပင်လယ်ကို တိုက်ရိုက်မြင်ရ၍ သန့်ပြန့်သောအခန်းများပင်။

"ဘာများလိုအပ်သေးလဲခင်ဗျာ၊ ဘာမှာပေးရဦးမလဲ"

"ဘာမှမလိုတော့ပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ခွင့်ပြုပါဦးခင်ဗျာ"

ဧည့်ကြိုနှင့်မန်နေဂျာများ ပြန်ထွက်သွားသည်။ ထိုတော့မှ သူမက ကျော်ဇင်တို့ဖက်လှည့်ပြီး

"နားလိုက်ပါဦး၊ ညနေသုံးနာရီဆယ်မိနစ်မှာ ပြန်ဆုံကြတာပေါ့"

"ဟုတ် အဲ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

ခုနမန်နေဂျာများကိုကြည့်၍ သူတို့ပင် ပုံပြောင်းချင်သွား၏။ သူမကတော့ ခပ်တည်တည်ပင် သတ်မှတ်ထားသောအခန်းထဲဝင်သွားပြီး အခန်းတံခါးကို ပိတ်လိုက်သည်။





ထိုတော့မှ ကျော်ဇင်နှင့်ဗညားမှာ သက်ပြင်းချပြီး

"မလွယ်ဘူးကွ၊ ဒီမှာလဲ သူ စေ့စေ့စပ်စပ် စီစဉ်ထားလား မသိဘူး"

ကျော်ဇင့်စကားကို ဗညားက ဟျာဟျာသလဲဖြင့်၊

"ဟေ့ကောင် စွတ်မပြောနဲ့၊ သူ့နေရာဆို နေရာတိုင်းနားရှိနိုင်တယ်၊ တိတ်တိတ်နေ"

နှစ်ယောက်သားကုပ်ချောင်းချောင်းနှင့် အခန်းထဲဝင်လိုက်သည်။ နာရီကြည့်လိုက်တော့ နှစ်နာရီနှစ်ဆယ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com





နာရီကြည့်လိုက်တော့ သုံးနာရီ ဆယ်မိနစ်။ နှစ်ယောက်သား ခုတင်ပေါ်မှ လူးလဲထရင်း ရေကူးဝတ်စုံကို လဲဝတ်လိုက်ကြသည်။ အသင့်ဖြစ်၍ အပြင်ထွက်လိုက်တော့၊

"မေပျို"

သူမသည်လည်း ရေကူးဝတ်စုံနှင့်သူတို့အား စောင့်ကြိုနေပြီးသား။

"စောင့်နေတာကြာပြီလား မေ





ပျို"

သူမ ခေါင်းခါရမ်းရင်း

"ဟင့်အင်း အခုပဲ အခန်းထဲကထွက်လာတာ"

"သြော်"

ဟုတ်လေလား မဟုတ်လေလားမသိ။ ကိုယ်တိုင်မမြင်ရ၍ မခန့်မှန်းနိုင်။ ရေကူးဝတ်စုံနှင့် သူမပုံစံက ရိုးရှင်းနေသည်။ ထူးဆန်းနေသည်က သူမလည်တိုင်မှာ ချိတ်ဆွဲထားသော မှန်ပြောင်းတစ်ခု။

"မေ မေပျို ဒါ ဒါက"

သူမက ပြန်ငုံ့ကြည့်ပြီး၊

"သြော် ရေငုပ်ဖို့လေ၊ ဘယ်နေရာရေကြည်သလဲလို့ ကြည့်နေတာ"

"တွေ့ပြီလား"

"တွေ့ပြီ၊ လာ သွားကြစို့"

သူမဦးဆောင်၍ ကမ်းခြေဆင်းသွားသည်။ ကမ်းခြေက သာသာယာယာ။ သူမက ရေထဲ ဆင်းမသွားသေးဘဲ ယောင်လည်လည်လုပ်နေသေး၏။ စိတ်မရှည်နိုင်သောဇညားက

"မေပျို ရေထဲမဆင်းသေးဘူးလား"

သူမ နှစ်ယောက်လုံးကို ဝေ့ကြည့်ပြီး

"ဟင့်အင်း လူရှုပ်လို့"

"ဒါဖြင့် ဘယ်နားဆင်းမှာလဲ"

သူမ ဘာမှပြန်မဖြေဘဲ နာရီကြည့်လိုက်သည်။

"သုံးနာရီနှစ်ဆယ်"

နာရီလက်တံ သုံးနာရီနှစ်ဆယ်ကို ညွှန်ပြမှ သူမက ရွှင်မြူးစွာဖြင့်၊

"လာ ဟိုးဖက်ကျောက်ဆောင်နားကို သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



လူတွေနဲ့ ခပ်ဝေးဝေးကျောက်ဆောင်ကို ညွှန်ပြတော့ နှစ်ယောက်သားကြောင်သွား၏။ နောက်မှ ကျော်ဇင်က

"ဟင် ကျောက်ဆောင်နားမှာ ရေက ကြည်ပါ့မလား"

"လာ နင်တို့ပါလာရင် ကြည်သွားမှာပေါ့"

စကားအဓိပ္ပာယ်က ဘာမှန်းမသိ။ သို့သော် ခြေလှမ်းများက သွက်လက်နေ၏။

× × ×







သူမ၏ ပုံစံမှာ မမြင်ဘူးလောက်အောင် ရွှင်မြူးနေသည်။ သဲသောင်ပြင်ပေါ် ခုန်ပေါက်လမ်းလျှောက်လိုက်၊ သူတို့နှစ်ယောက်ကို ပြန်လှည့်ကြည့်ရင်း ရယ်ပြလိုက်နှင့် ကလေးငယ်တစ်ယောက်လို ဖြစ်နေသည်။

သူတို့နှစ်ယောက်ကလည်း ဘာအကြောင်းကြောင့်မှန်းမသိ သူမနောက်သို့သာ လိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်နားရောက်တော့ ခြေလှမ်းများ ရပ်တန့်သွားသည်။ သူတို့လည်း အလိုလိုနေရင်း၊

ပြုံးရွှင်သောမျက်နှာကလေး ပြန်လှည့်လာ၏။ နောက်

"နင်တို့ကို ထူးဆန်းတဲ့ပြကွက်တစ်ခု ပြမယ်"

ဆိုလိုရင်းကို မသိဘဲ ငေးကြည့်နေမိကြသည်။ သူမကသာ ရယ်ပြုံးပြီး

"နင်တို့စိတ်တွေ ထူးဆန်းစွာ ကြည်လင်သွားစေရမယ်"

"ဘာလဲမေပျို၊ နင် ဘာတွေပြောနေတာလဲ"

စိတ်လိုလက်ရ ရယ်ပြန်သည်။ ပြီးမှ

"ဟောဒီ မြင်နေတဲ့ ကျောက်ဆောင်ဘေးမှာ ရေသူမရှိတယ်လေ"

"ရေသူမ"

နှစ်ယောက်လုံး ကြောင်တောင်တောင် ရေရွတ်သည်။ သူမကပြုံးပြီး

"မယုံရင်ရှာကြည့်လေ"

မယုံမရဲနှင့် နှစ်ယောက်သား သူမကိုကျော်ဖြတ်ကာ ကျောက်ဆောင်ဘေး ရှာကြည့်တော့၊

"ကညာ"

"ကညာ"

နှစ်ယောက်လုံး လန့်ဖျပ်မတတ် အံ့အားသင့်သွားကြရသည်။ ကျောက်ဆောင်နံဘေးတွင် တစ်ယောက်တည်းထိုင်နေသော ကညာ။ သူတို့တွေ့ချင်နေသော ကညာ၊ သူတို့ချစ်သော. .

ရေသူမ ခေါင်းလေးလှည့်လာ၏။

"ကျော်ဇင် ဗညား"

သူမထံမှ အာမေဍိတ်သံ။ မထင်မှတ်သောနေရာတွင် သူတို့





ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားပုံရ၏။

"နင်တို့ဘယ်လို ဟင်"

စကားမဆုံးလိုက်။ သူတို့နှစ်ယောက်အနောက်တွင် ရပ်နေသော မေပျိုကိုမြင်တော့ ပြောမည့်စကားများ ရပ်တန့်သွားသည်။

ကညာဖြည်းညင်းစွာ ထရပ်လိုက်သည်။ သူမ၏ပုံမှာ ခုနတုန်းကလို မဟုတ်။ ချက်ချင်းခက်ထန်မာကျောသွား၏။

"ငြော် ဒါလဲ နင့်အကြံပဲလား မေပျို"

သူမအသံက ရုတ်ခြည်းပင် ဒေါသတို့ဖြင့် ပြည့်နှက်သွားသည်။ မေပျိုပင် ကညာကို ကြောင်ငေးနေသည်။

"နင်ငါ့ကို ဘယ်အထိ ဒုက္ခပေးမှာလဲမေပျို"

မေပျိုခေါင်းခါသည်။ ကညာ၏ နာကြည်းစွာရယ်သံ။

"ရိုးသားချင်ယောင် ဆောင်နေပြန်ပြီလား မေပျို၊ နင် ဒီဇာတ်လမ်းတွေကို ထပ်ဆက်ဖို့ ငါ့ကို ဒုက္ခရောက်အောင် လုပ်ဖို့ သူတို့ကို ခေါ်လာတာလား မေပျို"

မေပျိုမျက်နှာ တင်းခန့်ပြီ

"နင်ငွေတွေကို ကြိုက်သလောက် အပိုင်စီးပါ၊ ဒါပေမယ့် ငါ့ကို လိုက်မနှောင့်ယှက်ပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"ငါ့မှာ အဲလိုစိတ်ထားမျိုး မရှိဘူးကညာ၊ အခုဟာက"

"တော်စမ်းမေပျို၊ နင့်လိုယုတ်မာတဲ့လူတစ်ယောက်က ဒီလို စိတ်ထားမျိုး မရှိဘူးဆိုတာ နင်ပြောနေကျပုံပြင်လား၊ နင် ငွေတွေကို ကြိုက်သလောက် အပိုင်စီးပါ။ ဒါပေမယ့် ငါ့ကိုလိုက်မနှောင့်ယှက်ပါ နဲ့တော့"

မေပျို၏မျက်နှာ ရုတ်ခြည်းခက်ထန်သွားသည်။

"နင်လွန်နေပြီကညာ"

ရုတ်ခြည်းပြောင်းလဲသွားသော အဖြစ်အပျက်ကြောင့် နှစ်ယောက်လုံးကြောင်ငေးသွား၏။

"ငါလွန်တယ်ဟုတ်လားမေပျို၊ မွေးကတည်းက အနိုင်ယူလာတဲ့ နင့်ကို ငါက ဒီစကားလေးပြောရုံနဲ့လွန်တယ် ဟုတ်လား"

မိန်းမနှစ်ယောက်၏ ဒေါသအလယ် ပိတ်မိနေသူနှစ်ဦး ဘာမှကို မဖြေရှင်းတတ်။

"အခုလဲ ဒီကို နင် ဘာလိုအပ်လို့လာတယ်ဆိုတာ ငါသိတယ်မေပျို"

မေပျို ချက်ချင်းခက်ထန်သွားသည်။

"ကညာ၊ နင့်စကားတွေကို ပြန်ရုပ်သိမ်းဖို့ ငါပြောချင်တယ်၊ ရုပ်သိမ်းလိုက်ရင် ငါခွင့်လွှတ်မယ်"

ကညာ ခါးထောက်၍ ခေါင်းမော့ရယ်လိုက်သည်။

"ရုပ်သိမ်းရမယ် ဟုတ်လား၊ ဟားဟား ဖြစ်နိုင်ရင် နင့်ကိုငါ သတ်ပစ်ချင်တယ်မေပျို"

"ဘာ ဘာပြောတယ်"

မေပျို၏ခြေလှမ်းများ ရှေ့တိုးလာ၏။ အခြေအနေက ပိုဆိုးလာသည်။ ထိုစဉ်မှာပင်၊





"ကညာ ကညာ ဘာဖြစ် ဟင်"

အော်သံကြား၍ကြည့်လိုက်တော့

"မြတ်"

ထင်မှတ်မထားသောနေရာတွင် မြတ်ကိုပါတွေ့လိုက်ရ၍ ကျော်ဇင်ရော ဗညားပါ အံ့အားသင့်သွား၏။ မြတ်ကလည်း ထင်မှတ်မထားဘဲ သူတို့ကိုမြင်လိုက်ရ၍ မျက်နှာပျက်ပြီး ခြေလှမ်းတွေ နောက်ဆုတ်သွားသည်။

"မေ မေပျို"

မြတ်နှုတ်မှ မပီမသ ရေရွတ်သံ။ သူမ အပြင်းအထန် တုန်လှုပ်သွားပုံရ၏။ ဗညားက မယုံကြည်နိုင်စွာ မြတ်ကို လက်ညှိုးထိုးရင်း၊

"မြတ် မြတ် နင် ဘယ်လိုဒီကိုရောက်"

သူ့စကားမဆုံးလိုက် မေပျို၏အသံက

"ဘယ်လိုရောက်လာလဲ သိချင်လား"

ဘယ်သူမှ စကားသံမထွက်။

"မြတ်နဲ့ကညာက ညီအစ်မအရင်း"

"ဘာ"

"ဟင်"

ကမ္ဘာကြီး ချာချာလည်သွားသလို ထင်လိုက်မိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





လုံးဝထင်မှတ်မထားသော အခြေအနေတွင် လုံးဝထင်မှတ်မထားသော စကားကြား၍ နှစ်ယောက်လုံး အံ့အားသင့်သွားမိသည်။ ထိုစဉ်မှာပင်

"ဟင် နင် နင် လူပါးဝလှချည်လား၊ ကဲဟာ"

အော်သံနှင့်အတူ မြှောက်တက်သွားသော ကညာ၏လက်။ ကြည့်နေစဉ်မှာပင် အရှိန်ပြင်းစွာ ကျ





ရောက်သွားသော မေပျို၏ပါးပြင်ပေါ်

"ဖြန်း"

"ဟာ"

မည်သူမှ တားမြစ်ချိန်မရလိုက်။ မေပျို၏ခန္ဓာကိုယ်က သဲပြင်ပေါ် ပုံခနဲကျသွား၏။

ကညာက ခါးထောက်ရင်း၊

"မှတ်ထား မေပျို၊ ဒါဟာ ငါ နင့်ကို လက်တုံ့ပြန်ခြင်းအစပဲ"

မေပျိုက နှုတ်ခမ်းထောင့်တွင် စီးကျလာသော သွေးများကို လက်ခုံနှင့်သုတ်လိုက်သည်။ သွေးစများမြင်တော့ အံ့အားသင့်သွားပုံရ၏။ နောက် ဟက်ခနဲ တစ်ချက်ရယ်ရင်း မတ်တတ်ပြန်ရပ်လာသည်။ ခေါင်းတညိတ်ညိတ်နှင့်၊

"မှတ်ထားတယ် ကညာ၊ မှတ်ထားတယ်"

သူမအသံက အေးဆေးစွာပင်။

"ဘာ ဘာ နင်ဘာပြောတယ်"

ကညာ၏လက် မြှောက်တက်လာ၏။ သို့သော်

"ကညာ တော်တော့၊ ကညာ တော်တော့"

မြတ်က ကညာကိုပြေးဆွဲသည်။ ပြီးနောက် ပျာပျာသလဲနှင့်၊

"နင် အဲဒီလိုမလုပ်သင့်ဘူးကညာ၊ နင် မေပျိုကို ပြန်တောင်းပန်လိုက်စမ်း၊ ပြန်တောင်းပန်လိုက်ပါ"

မြတ် မျက်စိမျက်နှာတွေ ပျက်နေ၏။ ကညာက မြတ်ထံမှ ရုန်းပြီး၊

"ဘာမှတောင်းပန်စရာမလိုဘူးမြတ်၊ ဒီလိုမိန်းမမျိုးကို ဒီလို လက်တုံ့ပြန်မှုရမှာ၊ ငါ တစ်သက်လုံး ခေါင်းငုံ့မခံနိုင်ဘူးမြတ်"

"ကညာ၊ အဲလိုမဟုတ်ဘူး၊ မေပျိုကိုတောင်းပန်လိုက်၊ မေပျို



www.burmeseclassic.com

www.burmeseclassic.com



ရယ် ကညာအစား ငါတောင်းပန်ပါတယ်”

မြတ် ကြားကနေ မျက်စိမျက်နှာတွေ ပျက်နေ၏။

“မြတ် နင်လဲ တောင်းပန်စရာမလိုဘူး၊ ဒီမှာ မေပျို”

ကညာက မေပျို့ကို စိုက်ကြည့်သည်။

“နောက်တစ်ကြိမ် ငါနဲ့လာပတ်သက်ရင် နင် ဒီထက်ပိုဆိုး သွားမယ်မှတ်ပါ”

× × ×







အချစ်ကြောင့်ဖြစ်သော စစ်သည် စစ်ပွဲကြီးများလို မဟုတ်သော်လည်း တစ်ယောက်တလေတော့ သေတတ်ပါသည်၊

အချစ်နှင့်စစ်တွင် မတရားတာ မရှိ၊ မကျေနပ်စရာများနှင့်သာ ပြည့်နက်နေလေ့ရှိသည်၊

အချစ်နှင့်စစ်တွင် မတရားတာ မရှိ၊ အနိုင်နှင့်အရှုံးသာ ရှိသည်၊

အနိုင်ရသူကသာ အမှန်တရား၊

× × ×



www.burmeseclassic.com

www.burmeseclassic.com





"နင် အဲဒီလိုမလုပ်သင့်ဘူး ကညာ၊ နင် မေပျို့ကို ပြန်တောင်းပန် လိုက်စမ်း၊ ပြန်တောင်းပန်လိုက်ပါ"

မြတ် မျက်စိမျက်နှာတွေ ပျက် နေ၏။ ကညာက မြတ်ထံမှ ရုန်းပြီး၊

"ဘာမှ တောင်းပန်စရာမလို ဘူးမြတ်၊ ဒီလိုမိန်းမမျိုးကို ဒီလို လက်တုံ့ပြန်မှုရမှာ၊ ငါ တစ်သက်လုံး ခေါင်းငုံ့ မခံနိုင်ဘူး မြတ်"



"ကညာ၊ အဲလိုမဟုတ်ဘူး၊ မေပျို့ကိုတောင်းပန်လိုက်၊ မေပျို့ ရယ် ကညာအစား ငါတောင်းပန်ပါတယ်"

မြတ် ကြားကနေ မျက်စိမျက်နှာတွေ ပျက်နေ၏။

"မြတ် နင်လဲ တောင်းပန်စရာမလိုဘူး၊ ဒီမှာ မေပျို့"

ကညာက မေပျို့ကို စိုက်ကြည့်သည်။

"နောက်တစ်ကြိမ် ငါနဲ့လာပတ်သက်ရင် နင် ဒီထက်ပိုဆိုး သွားမယ်မှတ်ပါ"ဆိုကာ ချာခနဲလှည့်ထွက်သွားသည်။ သူ့နောက်ကမှ မြတ်၊

"ကညာ ကညာ"

ဗညားက ခေါင်းကုတ်ရင်း ကညာတို့နောက်လိုက်သွား၏။ ကျော်ဇင်နှင့်မေပျို့သာ ကျောက်ဆောင်ဘေးမှာ ရပ်လျက်၊ မေပျို့က စိမ့်ထွက်နေသော သွေးပါးစောင်မှသွေးကိုသုတ်လိုက်၊ ပြန်ကြည့်လိုက် လုပ်နေ၏။ ကြည့်ရတာ သူ့ခန္ဓာကိုယ်ထဲမှသွေးကို သူ ထူးဆန်းနေပုံ ရသည်။ အတန်ကြာမှ

"ဟင်းဟင်းဟင်း"

တိုးတိုးဖွဖွရယ်သံ။ ကျော်ဇင် အံ့အားသင့်စွာကြည့်သည်။ သူမပုံမှာ ဘာမှမခံစားရသည့်ပုံ။

"မေ မေပျို့"

"ဟင်းဟင်းဟင်း"

သူမရယ်ရင်း ကျော်ဇင်ကို ပြန်ကြည့်သည်။ မျက်နှာကလဲ ကြည်ကြည်လင်လင်ပင်။ ကျော်ဇင်က သက်ပြင်းချရင်း

"ညီအစ်မတွေပဲမေပျို့၊ သူလဲ ဒေါသထွက်လွန်းလို့ ဖြစ်သွား တာပဲလေ၊ စိတ်ထဲမှာမထားပါနဲ့"

သူမရယ်နေသည်။

"စိတ်ထဲမှာမထားပါဘူး ကျော်ဇင်၊ မေ့ပစ်လိုက်ပါပြီ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒီအဖြစ်အပျက်ကို ကညာကတော့ မေ့ပစ်နိုင်မှာမဟုတ်ပါဘူး”

သူမ၏စကားအဓိပ္ပာယ်က ဘာမှန်းမသိ။ ကျော်ဇင် ဘယ်လိုဖြေရှင်းပေးရမှန်းလဲမသိ။

“ကဲ ကျော်ဇင်လဲ စိတ်ရှုပ်နေပြီထင်တယ်၊ မရှုပ်ပါနဲ့၊ ရေသွားကူးလိုက်ဦးနော်”

အရိုးရှင်းဆုံးနှင်နည်းပင်။

“မေပျိုရော”

“အင်း မေပျို ဒီမှာခဏထိုင်လိုက်ဦးမယ်၊ ခဏနေမှ ရေထဲ ဆင်းခဲ့မယ်”

ကျော်ဇင် ဘာမှမပြောသာတော့။

“ငါတို့ကြောင့်ဖြစ်တာဆို တောင်းပန်ပါတယ်မေပျို”

“မဆိုင်ပါဘူး၊ ရပါတယ်”

ရယ်နေပါသည်။ ကျော်ဇင်လဲ ပြောစရာစကား မရှိတော့၍ ရေစပ်ဆီ ဆင်းလိုက်ရသည်။ မေပျိုက သဲသောင်ပြင်တွင်ထိုင်ရင်း ပြုံး၍ ကျန်ရစ်ခဲ့ရာသည်။

ဘာဆက်ဖြစ်မယ်မှန်းလဲ မသိ၊ ဘာဆက်ဖြစ်နိုင်မှန်းလဲမသိ၊ ကျော်ဇင်

ခုန သူတို့ရှိခဲ့သော ကျောက်ဆောင်ဘေး ရေစပ်တွင် ရေငုပ် ဝတ်စုံနှင့် မိန်းမတစ်ယောက်။





ရေထဲဆင်းရတာကို မပျော်တော့။

ခပ်လှမ်းလှမ်းတွင် ကညာ၊ မြတ်နှင့်ဗညားတို့ရှိနေသည်။ သဲသောင်ပြင်တွင် မေပျိုတစ်ယောက်တည်း။ သိပ်မကြာပါ။ မေပျိုတည်းခိုရာဖက် ပြန်တက်သွားသည်။ ကျော်ဇင်၏စိတ်ထဲတွင်တော့

“အေးလေ၊ သူ့ခမျာ ရှက်ရှာမှာပေါ့၊ ရှက်လို့ အဆောင်ပြန်နေတာနဲ့ တူတယ်”

ဟု တွေးမိပြီး သောင်ပြင်ပေါ် အကြောင်းမဲ့ ပြန်တက်ထိုင်နေမိသည်။ ခေါင်းထဲတွင်လဲ ရှုပ်ထွေးနောက်ကျိနေသည်။ မည်သို့ ကူညီဖြေရှင်းပေးရမည်မသိ။ အဆိုးဆုံးက ဘဝတစ်သက်စာအနေနှင့် ဘယ်သူမှားလို့ ဘယ်သူမှန်နေလဲ မသိ။ စိတ်ရှုပ်ထွေးနောက်ကျိစွာ ဘေးဘီဝေ့ကြည့်မိသည်။

“ဟာ”

**ခုန သူတို့ရှိခဲ့သောကျောက်ဆောင်ဘေး ရေစပ်တွင် ရေငုပ်ဝတ်စုံနှင့် မိန်းမတစ်ယောက်။ ရုတ်တရက်မို့ မေပျိုဟုသာ ထင်မိသည်။**

သူ သေချာအောင် လိုက်ကြည့်စဉ်မှာပင် ထိုပုံရိပ်က ရေထဲ ငုပ်လျှိုးသွား၏။ သူလိုက်ကြည့်သေးသည်။ သို့သော် ပြန်ပေါ်မလာတော့။ ရေထဲ ငုပ်လျှိုးပျောက်ကွယ်သွားပေပြီ။

သက်ပြင်းသာ ချနေမိသည်။ နောက် စဉ်းစားမိပြီး၊

“မေပျိုတော့ မဖြစ်နိုင်ပါဘူး၊ မေပျိုက တည်းခိုရာပြန်သွားပြီပဲ၊ ယခုအချိန်လောက်ဆို ခုနကိစ္စအတွက် ရှက်လွန်း၍ အခန်းထဲမှပင် ထွက်ရဲမှာမှမဟုတ်တာ”

အရှေ့သို့သာ ပြန်ငေးနေမိသည်။

ကျော်ဇင် မိန်းမတွေ၏ ရှုပ်ထွေးပုံကို စဉ်းစား၍မရနိုင်။ တစ်အိမ်တည်း အတူနေ၍ လူရှေ့သူရှေ့ မသိချင်ယောင်ဆောင်နေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သောမိန်းမများ။ ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံးကို သွေးအေးအေးနှင့် ချလောင်းရဲသော မိန်းမများ။ လူလည်ခေါင်၌ အရှက်ကွဲသွားတာကိုပင် မသိချင်ယောင်ဆောင်၍ ရယ်နိုင်သေးသောမိန်းမ။ တစ်သက်လုံး အနိုင်မရဘူးသူကို တစ်ကြိမ်တစ်ခါ အနိုင်ရသည်ကို ပျော်နေသောမိန်းမ။ ထိုကဲ့သို့သောမိန်းမများနှင့် ပေါင်းသင်းဆက်ဆံနေရသည်ကိုက သူ့အတွက် ငရဲလား၊ နိဗ္ဗာန်လားမသိ။ သေချာသည်ကမပတ်သက်ဘဲလဲ မနေနိုင်။ ပတ်သက်မိမှာလဲ ကြောက်နေမိခြင်းပင်။

ကျော်ဇင် စိတ်ရှုပ်စွာခေါင်းယမ်းလိုက်မိသည်။ နှစ်ရှည်လများဖြစ်လာသော ပြဿနာမို့ ဘယ်ကဘယ်လို အစပြန်ဖော်ရမှန်းမသိ။ နောက်ဆုံးတော့ ဒီခရီးစဉ်ကပြန်လျှင် ဒီမိန်းမများအား သံယောဇဉ်ဖြတ်တော့မည်ဟုသာ ဆုံးဖြတ်လိုက်တော့၏။

"တော်ပြီကွာ၊ ကြာတော့လဲ မေ့သွားမှာပါ"

သူစဉ်းစားနေစဉ်မှာပင်

"အား"

ရေထဲမှ စူးစူးဝါးဝါးအော်သံတစ်ခု။ လူအများကြီးနှင့်မို့ မသဲကွဲ။

"အား ကယ် ကယ်ကြပါဦး၊ ကယ်ကြပါဦး"

ကြည့်လိုက်တော့ ဗညားတို့နားမှအော်သံ။ ကျော်ဇင် မတ်တတ်ရပ်ကြည့်လိုက်သည်။

"ဟာ"

"အား လုပ်ကြပါဦး၊ ကယ်ကြပါဦး"

"ကညာ ကညာပဲ"

မှန်ပါသည်။ ကြည့်နေစဉ်အတွင်းမှာပင် ကညာမှာ ရေနက်ထဲသို့ဆွဲချခံရသလိုဖြစ်ပြီး မြုပ်ချည်ပေါ်ချည်ဖြစ်နေသည်။ အားလုံး





ကလည်း ရုတ်ခြည်းအခြေအနေမို့ ဘာဖြစ်မှန်းမသိဘဲ ကြောင်ငေးကြည့်နေကြသည်။

"အား ဖရူး ကယ်"

ကညာမှာ ရေမွှန်းပြီး အားကုန်ရုန်းကန်နေရပုံ။ တချို့ကလဲ

"ဟာ ဟိုမှာ ဘာကောင်ဆွဲသွားတာလဲ မသိဘူး"

ဆိုကာ ကမ်းစပ်ပြေးတက်လာကြသည်။ ကျော်ဇင်ကသာ သတိဝင်ပြီး၊

"ဟာ လုပ်ကြဦး၊ လုပ်ကြဦး"

ကျော်ဇင် အသံကုန်အော်ရင်း ရေထဲ ကမန်းကတန်းပြေးဆင်းသွားမိသည်။ ထိုတော့မှ အနီးအနားက လူများကလဲ

"ဟာ မိန်းကလေးတစ်ယောက် ရေနစ်လို့ဟေ့"

"ဝိုင်းဆယ်ကြပါဦး၊ ကူကြပါဦး"

အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်၏။ ပြေးတက်သူတက်၊ ကြောင်ငေးသူငေးနှင့် ဖြစ်နေကြသည်။

"အား"

ကညာမှာ မြုပ်ချည်ပေါ်ချည်

**သို့သော် ကြောက်လန့်စိတ်ကြောင့်ထင့်၊ ကညာမှာ သူ့ကို မလွှတ်တမ်း ဖက်ထား၏။**



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကမ်းစပ်နှင့် အတော်ဝေးနေပြီ။

"ကညာ ငါလာပြီ"

ကျော်ဇင် ရေထဲသို့ အားကုန်ကူးသွားလိုက်သည်။ သူ့နောက်ကမှ အသိစိတ်ဝင်သူတချို့။

"ကညာ မကြောက်နဲ့၊ ငါလာပြီ"

ကျော်ဇင်အနားရောက်သည်နှင့် ကညာကို လှမ်းဆွဲသည်။

"ကညာ ငါ့လက်ကိုလှမ်းဆွဲ"

ကညာလှမ်းဆွဲသည်။ သို့သော် သူ့မခန္ဓာကိုယ် တစ်ခုခုနှင့် ငြိနေသလို ချက်ချင်းပါမလာ။ ကျော်ဇင် အားကုန်ဆွဲတော့မှ

"ဟား"

ကညာ၏ခန္ဓာကိုယ်မှာ သူ့ဆီပါလာ၏။ သို့သော် ကြောက်လန့်စိတ်ကြောင့်ထင့် ကညာမှာ သူ့ကို မလွတ်တမ်းဖက်ထား၏။

"မကြောက်နဲ့ကညာ၊ မကြောက်နဲ့ ငါရှိတယ်"

"ကြောက်တယ်၊ ကြောက်တယ် ဟင်း ဟင်း"

ကညာ၏ခန္ဓာကိုယ်မှာ ကြောက်စိတ်နှင့် တုန်ယင်နေ၏။ ကျော်ဇင်ကိုလည်း မလွတ်တမ်းဖက်ထားသေးသည်။

ကျော်ဇင် ကညာ၏ခန္ဓာကိုယ်ကို အနိုင်နိုင်တွဲရင်း ကမ်းစပ်သို့ဆွဲခေါ်လာရသည်။

ကမ်းစပ်ရောက်သည်အထိ ကညာ၏ ခန္ဓာကိုယ်မှာ တုန်ယင်နေတုန်း။

"ကြောက်တယ်၊ ငါကြောက်တယ်"

"ဘာဖြစ်တာလဲ ကညာ၊ ဘာဖြစ်တာလဲ"

"ကြောက်တယ်၊ ကြောက်တယ်"

ဘာမှမေး၍မရသေး၊ ရေတွေတိုက်၊ ခြေတွေနှိပ်ပေးပြီးမှ

"ဘာဖြစ်တာလဲကညာ၊ ပြောပါဦး"





"ဟို ဟို"

ကညာ ကြောက်လန့်စိတ် မပြေသေးဟန်နှင့်၊

"ငါ့ကို ငါ့ကို တစ်ယောက်ယောက်က ရေထဲဆွဲလို့"

"ဟင်"

သူ့စကားကြောင့် အားလုံးအံ့အားသင့်သွား၏။ ဗညားက

"ဟုတ်ရဲ့လားကညာ၊ တို့အားလုံးရှိနေကြတာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခြေထောက်ကိုဖမ်းပြီး ရေထဲဆွဲချတာ"

သူ့စကားကို ဘယ်သူမှမယုံနိုင်ကြ။ ကျော်ဇင် ဘေးဘီဝေ့ကြည့်လိုက်မိသည်။

"ဟာ"

ခပ်လှမ်းလှမ်းရေစပ်တွင် ရေထဲမှ လှမ်းတက်လာသောမေပျို။

အခြေအနေအားလုံးကို ကျော်ဇင်သဘောပေါက်သွား၏။ ကညာနားမှထ၍ မေပျို့ထံ ဒေါသတကြီး ပြေးသွားမိသည်။

မေပျိုက သူ့ကိုမမြင်သေး။ ကမ်းခြေပေါ် အေးဆေးစွာတက်လာ၏။ ကျော်ဇင်ကသာ သည်းမခံနိုင်တော့ဘဲ ဝုန်းခနဲတွန်းချလိုက်ကာ

"မင်း ဘယ်လိုလုပ်လိုက်တာလဲ မေပျို"

ထင်မှတ်မထားသော အခြေအနေကြောင့် မေပျို သဲပြင်ပေါ် ခွေခနဲလဲကျသွား၏။ နောက် အံ့ဩတကြီး ပြန်ကြည့်ကာ

"ကျော်ဇင်"

ကျော်ဇင်က မေပျိုကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"မင်း တော်တော်ရက်စက်ပါလား မေပျို"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



မေပျို နားမလည်ဟန်နှင့် ပြန်ကြည့်ကာ

"ဘယ်လို"

"အခုမှ မသိချင်ယောင်ဆောင်မနေနဲ့ မေပျို၊ နင်လုပ်ခဲ့တာ ငါ အကုန်မြင်တယ်"

မေပျို မျက်မှောင်ကြုတ်ကာ

"နင်ဘာတွေပြောနေတာလဲ ကျော်ဇင်"

သူမမျက်နှာက ပကတိရိုးသားဟန်နှင့်။ မေပျိုကိုကြည့်၍ ကျော်ဇင် ရွံလာ၏။

"နင် အတော်ဟန်ဆောင်ကောင်းတာပဲ မေပျို၊ နင် ဘာလုပ်ခဲ့တယ်ဆိုတာ ငါအကုန်မြင်တယ်"

"ငါ ဘာလုပ်လို့လဲ ကျော်ဇင်"

"နင် ခုနက ကညာ့ကို ရေထဲဆွဲချခဲ့တာမဟုတ်လား"

"ဟင်"

သူမမျက်နှာ အရောင်ပြောင်းသွား၏။ နောက် ဘာမှမသိသလိုဟန်မျိုးနှင့်၊

"နင်ပြောတာ ငါနားမလည်ဘူး ကျော်ဇင်"

ကျော်ဇင်ပို၍ နာကြည်းသွား

သူမ တစ်ခုခု ကြံစည်တိုင်း ရယ်တတ်သောရယ်သံ၊ ကျောချမ်းစရာရယ်သံ၊

BURMESE CLASSIC .com





၏။ သူမကိုလဲ ရွံမုန်းနေမိသည်။

"ဟားဟား နားမလည်ဘူး ဟုတ်လား၊ နင် ရေထဲဆင်းသွားတာကအစ ကညာကို ရေထဲဆွဲချပြီး ကုန်းပေါ်ပြန်တက်လာတဲ့အထိ ငါမြင်တယ်မေပျို"

မေပျို ကျော်ဇင်ကို စိုက်ကြည့်သည်။ ပြီးနောက် ဖြည်းညင်းစွာ ထရပ်လိုက်သည်။ ခန္ဓာကိုယ်မှ သဲများကိုခါချရင်း၊

"ကညာကို ငါက ရေထဲဆွဲချတယ်လို့ ဘယ်သူပြောလဲ ကျော်ဇင်"

"ကညာကိုယ်တိုင်ပြောတာ မေပျို၊ သူ့ကို လူတစ်ယောက်က ရေထဲဆွဲချတယ်တဲ့၊ အဲဒါ နင်ပဲဖြစ်လိမ့်မယ် မေပျို၊ နင်ကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ဘူး"

"ဟင်းဟင်းဟင်း"

မေပျို၏ တိုးတိုးဖွဖွရယ်သံ။ ထိုရယ်သံကြားတော့ ကျော်ဇင် ဒေါသထွက်နေသည့်ကြားထဲ လန့်သွားမိသည်။ ထိုရယ်သံ။ သူမ တစ်ခုခုကြံစည်တိုင်း ရယ်တတ်သောရယ်သံ။ ကျောချမ်းစရာရယ်သံ။

"နင်တို့ ကညာရဲ့စကားကို ဘာလို့ ဒီလောက်တောင်ယုံနေရလဲ ကျော်ဇင်"

ကျော်ဇင် အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။

"ချစ်ခြင်းမေတ္တာပဲ မေပျို၊ ဒါဟာ နင်မသိတဲ့အနက်အဓိပ္ပာယ် နင့်အတွက် နှစ်ရာတန်မေးခွန်းပဲ"

"ဟားဟားဟား"

သူမထံမှ ရယ်သံကြားရသည်။ သူမကိုကြည့်၍ ကျော်ဇင် ခြေလှမ်းပင် ဆုတ်လိုက်မိသည်။ မေပျို အရယ်ကိုရပ်ပြီး

"ဟင်းဟင်း ချစ်ခြင်းမေတ္တာတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်က ဘာမှပြန်မဖြေ။ မေပျိုက တိုးတိုးဖွဖွရေရွတ်သည်။

"ဩော် အချစ်ကိုကိုးကွယ်သူနဲ့ လာတွေ့နေပါလား"

ကျော်ဇင် ငေး၍သာကြည့်နေမိသည်။ သူမက ကျော်ဇင်ဖက်လှည့်လာကာ

"ကညာက နင်တို့ကိုးကွယ်တဲ့ ချစ်ခြင်းမေတ္တာနဲ့တုံ့ပြန်မယ်လို့ထင်သလား ကျော်ဇင်"

"ဒါဟာ တန်ပြန်နိယာမပဲမေပျို"

"ဟင်းဟင်းဟင်း"

သူမရယ်နေသေး၏။ မျက်ဝန်းမှာတော့ မျက်ရည်စလိုလို။

"ကောင်းပြီလေ၊ ကစားပွဲလေးတစ်ခု ကစားကြည့်ရအောင်"

ကျော်ဇင် ကြောင်ငေးကြည့်နေမိသည်။

"ကညာက ငါလက်ထပ်ပြီးရင် နင့်ကိုလက်ထပ်မယ်လို့ ဆိုထားတယ်မဟုတ်လား"

ကျော်ဇင် ဘာမှပြန်မဖြေမိ။ မေပျိုမှဆက်၍

"အဲဒီစကား ဟုတ်မဟုတ်သိရအောင်"

သူမ ကျော်ဇင့်ကို စူးစူးဝါးဝါးစိုက်ကြည့်လိုက်သည်။ ပြီးမှ

"နင့်ကို ငါလက်ထပ်မယ်"

"ဘာ"

ကျော်ဇင်၏ခန္ဓာကိုယ် ခွေလဲမတတ်။

× × ×





ကစားပွဲတစ်ခုတွင် မိမိ၏လျှို့ဝှက်ချက်ကို မည်သူကမှ အမှန်အတိုင်း ပြောလေ့မရှိ၊ လျှို့ဝှက်ချက်ကို သေချာပေါက် လှစ်ပြလိုက်ပြီဆိုလျှင် ထိုသူသည် ကစားပွဲတွင် အနိုင်ရသည်မှာ သေချာ၍ဖြစ်သည်။

လေးစားစွာကြိုးစားလျက်
အကြည်တော်

လျှို့ဝှက်သောကစားပွဲ တတိယပိုင်း တကယ်ရေးနေပါပြီ။



www.burmeseclassic.com